၁၄။ ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းချက်များမြင့်တင်ရန်နှင့် အချိန်နှင့်တပြေးညီ ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်လေ့လာမှုများမှတဆင့် ပြည်သူ့ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု၊ ထိရောက်သော ဘဏ္ဍာငွေစုစည်းမှု ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Myanmar Public Expenditure Review-2 ပါ Public Debt Chapter နှင့်စပ်လျဉ်း၍ ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ချက် (Debt Sustainability Analysis-DSA)၊ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ (Medium Term Debt Management Strategy- MTDS) တို့ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၁၅။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ အာဆီယံအစိုးရ ဝယ်ယူရေး ဆိုင်ရာ အသိပညာနှီးနှောဖလှယ်ပွဲ (ASEANPublic Procurement Knowledge Exchange Forum) အား နေပြည်တော်၊ ParkRoyal Hotel တွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

၁၆။ အဆိုပါ ဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB)၊ USTDA၊ UNDP၊ DFID၊ JICA နှင့် ဥရောပသမဂ္ဂ (EU) စသည့်ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှိဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန များမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ကိုယ်စားလှယ် (၇၉) ဦးခန့်တက်ရောက်ခဲ့ကြပြီးဖိုရမ်ပြီးဆုံးချိန်တွင် ကိုယ်စားလှယ်များအားလုံးမှ အများသဘောတူညီကြောင်း ဖော်ပြသည့် Statement of Intent ကို ထုတ်ပြန်ခဲ့ပါသည်။

၁၇။ ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်အရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ပြဆွေးနွေးချက်များအရ လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုဝန်ကြီး ဌာန/အဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် ကမ္ဘာ့ဘဏ်မှဝယ်ယူရေး ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များရယူ၍ **အစိုးရဌာန အဖွဲ့အစည်းများ၏ တည်ဆောက် ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာ တွင်လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း** အား ရေးဆွဲပြုစုခဲ့ပြီး အဆိုပါ လုပ်ထုံးလုပ်နည်းအား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၇) ဖြင့် (၁၀-၄-၂၀၁၇) ရက်နေ့တွင် ထုတ်ပြန် ခဲ့ပါသည်။




၁၈။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပူးပေါင်း၍ **အစိုးရ၏ ဝယ်ယူရေးဆိုင်ရာဥပဒေ** အားရေးဆွဲခဲ့ရာ (၁၄) ကြိမ်မြောက် အပြီးသတ် မူကြမ်းရေးဆွဲပြီး ဖြစ်ပါသည်။ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး ပိုမိုကျယ်ပြန့် ပြည့်စုံသော ဥပဒေတစ်ရပ်ဖြစ်စေရေးအတွက် ကမ္ဘာ့ဘဏ်မှဝယ်ယူရေးပညာရှင်များပူးပေါင်း၍ ထပ်မံ ပြင်ဆင်ရေးဆွဲခဲ့ပြီး ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

၁၉။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ အစိုးရပစ္စည်းဝယ်ယူမှုစနစ် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများ ရေးဆွဲ ပြုစုရေး လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်မှဝယ်ယူရေး ကျွမ်းကျင် ပညာရှင်နှင့် ပူးပေါင်း၍ **ကုန်ပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါစာရွက်စာတမ်း မူကြမ်း(Draft Bidding Documents for Goods) နှင့် တည်ဆောက်ခြင်းအတွက် တင်ဒါစာရွက်စာတမ်းမူကြမ်း (Draft Bidding Documents for Works)** များကို ရေးဆွဲပြုစုလျက်ရှိပါသည်။

၂၀။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများ၏ ငွေကြေး သုံးစွဲမှု အခြေအနေကို ဘဏ္ဍာရေးအစီရင်ခံစာပုံစံဖြင့် ဝန်ကြီးဌာနသို့ လစဉ်တင်ပြ ဆောင်ရွက် ခဲ့ပါသည်။

၂၁။ အစိုးရ၏စာရင်းများ ပြုစုပေါင်းချုပ်ခြင်း၊ ဘဏ္ဍာရန်ပုံငွေစာရင်းများ ပြုစုပေါင်းချုပ်ခြင်းနှင့် အစီရင်ခံစာများ တင်ပြခြင်းတို့ကို Automatic Accounting System ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၂။ ဝန်ထမ်းများအရည်အသွေးတိုးမြှင့်စေရန်အတွက် Modernization of Public Finance Management Project အောက်မှ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းများ၊ ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရုံးလုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ရုံးလုပ်ငန်းနှင့် စီးပွားရေးပညာ အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးနိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကအခြေခံမေခရိုစီးပွားရေးနှင့် စပ်လျဉ်းသည့် အခြေခံသဘောတရားများနှင့် မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးဆိုင်ရာ အခြေအနေခေါင်းစဉ်ဖြင့် ဌာနရှိဝန်ထမ်းများအား ရုံးအမှတ် (၃၄) တွင် သင်တန်းပို့ချခဲ့ပါသည်။ ရုံးလုပ်ငန်းများအဆင်ပြေချောမွေ့စေရန်အတွက် ဦးစီးအရာရှိ (၁၂) ဦး၊ စိစစ်ရေးမှူး-၂ ရာထူး (၂၁) ဦး၊ စာရင်းကိုင်-၄ ရာထူး (၁၀) ဦး၊ စာပို့ရာထူး (၁) ဦးအား ထပ်မံခန့်ထားခဲ့ပါသည်။

**အကျိုးရလဒ်များ**

၂၃။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အစိုးရဌာန/အဖွဲ့အစည်းများ၏ငွေသားစီမံချက်နှင့် စိစစ်တွေ့ရှိချက်များကို အစီရင်ခံစာပြုစု၍ ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြနိုင်ခဲ့ပါသည်။ ယင်း အစီရင်ခံစာအရ အစိုးရဌာန/အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းချက်အရ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ပိုမိုတိကျသည့် ဝင်ငွေနှင့်အသုံးစရိတ်များကို အနီးစပ်ဆုံးခန့်မှန်းနိုင်ခြင်းဖြင့် အစိုးရ၏ငွေသားစီးဝင်မှု/စီးထွက်မှုများကို သိရှိနိုင်ပြီး ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် နည်းလမ်းများရှာဖွေနိုင်မည်ဖြစ်ပါသည်။

၂၄။ ပြည်ထောင်စုအဆင့် ဌာန/ အဖွဲ့အစည်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်အသုံးပြုသည့် UFA (OA) စာရင်း (၉၁၅၃) ခုအနက် အသုံးပြုရန်မလိုအပ်တော့သည့် စာရင်း (၃၀၄၅) ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာန/ အဖွဲ့အစည်းများ၏ SFA (OA)/ RFA( OA) စာရင်း (၇၄၁) ခုအနက် အသုံးပြုရန် မလိုအပ်တော့သည့်စာရင်း (၂၂၁) ခုတို့အား ပိတ်သိမ်းရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် OA စာရင်းများ မလိုအပ်ဘဲ ဖောင်းပွနေမှုကို စိစစ်လျှော့ချနိုင်ခဲ့ပါသည်။

၂၅။ ပြည်တွင်း/ ပြည်ပချေးငွေဆိုင်ရာ သတင်းအချက်အလက်များအား နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ CS-DRMSSoftware ဖြင့် စနစ်တကျ ထိန်းသိမ်းနိုင်ပြီး Debt Portfolio Analysis ပြုလုပ်နိုင်ခြင်း၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေနှင့်အညီ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာ တို့ကို ထုတ်ပြန်နိုင်ခြင်းတို့ကြောင့် အစိုးရ၏

ကြွေးမြီအခြေအနေများကို အများပြည်သူသို့ အသိပေးတင်ပြနိုင်ပြီဖြစ်ပါသည်။

၂၆။ IT နည်းပညာဖြင့် ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲနှင့် သက်ဆိုင်သည့် စာရင်းအင်း၊ အချက်အလက်၊ အထောက်အထားများအား စနစ်တကျထိန်းသိမ်းနိုင်ခြင်း၊ ပြည်တွင်း/ပြည်ပ ချေးငွေများ ရယူခြင်း၊ ချေးငွေထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ပြီဖြစ်ပါသည်။

၂၇။ အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းဖြင့် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန် ပြည်ထောင်စုဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

၂၈။ **"အစိုးရဌာန/ အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း"** ထုတ်ပြန်နိုင်ခဲ့သဖြင့် အစိုးရဌာန/အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်လျက်ရှိသော တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်တစ်ပြေးညီဖြစ်ခြင်း၊ အစိုးရဌာန/အဖွဲ့အစည်းများ၊ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိခြင်း၊ အစိုးရ၏ ဝယ်ယူရေးဆိုင်ရာကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းတို့ကို တိုးတက်ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

၂၉။ ယင်းအပြင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိပြီး ထိရောက်အကျိုးရှိသော ဝယ်ယူရေးလုပ်ငန်းများ ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

## ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများ/ စိန်ခေါ်မှုများ

၃၀။ ငွေသားစီမံချက်ရေးဆွဲရာတွင် အဓိကတွေ့ရှိရသည့် အခက်အခဲမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သောဌာန/ အဖွဲ့အစည်းများအနေဖြင့် ငွေသားစီမံချက်များကို ငွေတိုက်ဦးစီးဌာနသို့ သတ်မှတ်ချိန်အမီ ပေးပို့နိုင်မှုမရှိခြင်း၊ သုံးငွေနှင့်ရငွေများကို လုပ်ငန်းအခြေအနေအရ အနီးစပ်ဆုံး ခန့်မှန်းနိုင်ခြင်းမရှိပဲ(၁၂) ဖြင့်စား၍ လစဉ်ပျမ်းမျှစာရင်းကို ခန့်မှန်းဖော်ပြခြင်း၊ ရုံးချုပ်ဌာနများနှင့် လက်အောက်ခံရုံးခွဲဌာနများအကြား စာရင်းပေးပို့မှု နှောင့်နှေးကြန့်ကြာခြင်း၊ ကျွမ်းကျင်ဝန်ထမ်းပြည့်စုံမှုမရှိခြင်းတို့ကြောင့် ခန့်မှန်းစာရင်းများနှင့် အမှန်စာရင်းများ ကွာဟမှုများခြင်းတို့ကို တွေ့ရှိရပါသည်။

၃၁။ ကြွေးမြီစီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာစေရန်၊ အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်သည့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြွေးမြီနှင့်စပ်လျဉ်းသည့် ဆုံးရှုံး

နိုင်ခြေများကို အနည်းဆုံးဖြစ်စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ရာ လက်ရှိဝန်ထမ်းအင်အား မလုံလောက်သဖြင့် လုပ်ငန်းကြန့်ကြာခြင်းများ ကြုံတွေ့ရပါသည်။

၃၂။ ဌာန/အဖွဲ့အစည်းများမှ ပေးပို့လာသော ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သော လစဉ်အမှန်ရငွေ၊ သုံးငွေစာရင်းများအား ပေါင်းချုပ်ခြင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ တင်ပြခြင်းအား Manual ဖြင့်သာ ဆောင်ရွက်နေရခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့် လူအင်အားကို ပိုမိုအသုံးပြုဆောင်ရွက်နေရပါသည်။

၃၃။ ဝယ်ယူရေးနှင့်စပ်လျဉ်း၍ အစိုးရဌာန/ အဖွဲ့အစည်းများအတွင်း တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားသော "အစိုးရဝယ်ယူမှု စနစ်ကြီးကြပ်ထိန်းကျောင်းမှုဆိုင်ရာ ဌာနအဖွဲ့အစည်း" တစ်ရပ် မရှိခြင်း၊ အစိုးရဌာန/ အဖွဲ့အစည်းအများစု၏ ဖွဲ့စည်းပုံတွင် ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရန်အတွက် "ဝယ်ယူရေးဌာနခွဲ" များဖွဲ့စည်းဆောင်ရွက်မှုမရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃၄။ အစိုးရဝန်ထမ်းများအတွက် "အစိုးရ၏ဝယ်ယူရေးဆိုင်ရာလုပ်ငန်း" အားပညာရပ်တစ်ခုအဖြစ် လေ့ကျင့်သင်ကြားပြီးအရည်အသွေးမြှင့်တင်ရန် လိုအပ်လျက်ရှိနေပါသည်။

၃၅။ အစိုးရ၏ ဝယ်ယူရေးသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသော်လည်း အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့အကြား ဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှု အားနည်းခြင်းများကို ကြုံတွေ့ရပါသည်။

၃၆။ ဌာန၏ပုံမှန်လုပ်ငန်းများအပြင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ မဖြစ်မနေဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစ်ချိန်တည်းဆောင်ရွက်လျက်ရှိသဖြင့် ဝန်ထမ်းအင်အား မလုံလောက်မှု၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အားနည်းခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ITလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသည်။

**အခက်အခဲများ/ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်**

၃၇။ ငွေသားစီမံချက်ရေးဆွဲရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ညှိနှိုင်းပေးရန်နှင့် ငွေသားစီမံချက်ရေးဆွဲရာတွင် မှန်ကန်ရန်နှင့်အချိန်မီ ပေးပို့နိုင်ရန်အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှတာဝန်ရှိသူများဖြင့် တွေ့ဆုံညှိနှိုင်းခြင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၏ပံ့ပိုးမှုဖြင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုကော်မတီဝင်များသို့ တင်ပြဆွေးနွေးခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိပါသည်။

၃၈။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများအနေဖြင့် ငွေသားစီမံချက်ရေးဆွဲခြင်းဖြင့် ငွေကြေးစီမံခန့်ခွဲမှုကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ကောင်းစွာသဘောပေါက်နားလည်မှသာ မှန်ကန်ကောင်းမွန်သည့် ငွေသားစီမံချက်များကို ရေးဆွဲလာနိုင်မည် ဖြစ်ပါသည်။

၃၉။ နှစ်စဉ်ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် အစိုးရကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာတို့အား ပိုမိုပြည့်စုံစွာ ထုတ်ပြန်နိုင်ရန်၊ ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ချက် (Debt Sustainability Analysis- DSA) အား မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်နိုင်ရန်၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအရ စည်းမျဉ်းစည်းကမ်းများအား ထုတ်ပြန်ရန်၊ အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းချသည့် ပြည်တွင်းဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ နည်းပညာအကူအညီနှင့် အကြံဉာဏ်များရယူ၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အစိုးရငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်၊ IT ကျွမ်းကျင်ပညာရှင်များ ငှားရမ်း၍ ဌာနတွင်းဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရန်၊ CS-DRMS System အသုံးပြုခြင်းဖြင့် ကြွေးမြီဆိုင်ရာအချက်အလက်များ လေ့လာဆန်းစစ်ပြီး ရလဒ်များအပေါ်မူတည်၍ တာဝန်ရှိပုဂ္ဂိုလ်များအား အကြံဉာဏ်ပေးနိုင်သည့် အစီရင်ခံစာကောင်းများ ပေါ်ထွက်လာရန်လိုအပ်ပါသည်။

၄၀။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများမှ ပေးပို့သည့် အမှန်ရငွေ၊ သုံးငွေစာရင်းများ ပေါင်းချုပ်ခြင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ တင်ပြခြင်းအား Manual ဖြင့်သာဆောင်ရွက်နေရခြင်းကြောင့် အချိန်နှင့်တပြေးညီ ပိုမိုလျှင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် Automation System ဖြင့် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

၄၁။ ကောင်းမွန်ခိုင်မာသည့် အစိုးရဝယ်ယူမှုစနစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အရေးကြီးသည့်အခြေခံအချက်မှာ ယင်းနှင့်သက်ဆိုင်သည့် ခိုင်မာအားကောင်းသောဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဖြစ်သည့်အတွက် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေး၊ ကျယ်ပြန့်ပြည့်စုံမှုရှိသည့် အစိုးရ၏ဝယ်ယူရေးဆိုင်ရာဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၄၂။ ခိုင်မာအားကောင်းသည့် အစိုးရ၏ဝယ်ယူရေးဆိုင်ရာ ဥပဒေနှင့်အညီ အစိုးရဌာန/ အဖွဲ့အစည်းများသည်ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် ထိရောက်မှုရှိစွာ သုံးစွဲမှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

၄၃။ ငွေသားစီမံချက်ရေးဆွဲရာတွင် ပိုမိုရှင်းလင်းလွယ်ကူစေရန်နှင့် ငွေသားစီမံချက်ကို မှန်ကန်တိကျစွာ စိစစ်နိုင်ရန်အတွက်ငွေသားစီမံချက်ကို ကျပ်ထောင်ဂဏန်းဖြင့် ရေးဆွဲရန်၊ ငွေသားစီမံချက် ပေးပို့ရန် မူလသတ်မှတ်ထားသည့်ရက်စွဲများအစား ဌာနများမှ ပေးပို့ရန် အဆင်ပြေမည့်ရက်စွဲများသို့ ပြင်ဆင်နိုင်ရန် ယခင်ညွှန်ကြားချက်အား ပြင်ဆင်ဖြည့်စွက်မည် ဖြစ်ပါသည်။ ငွေကြေးစီမံခန့်ခွဲမှု ကြီးကြပ်ရေး ကော်မတီအစည်းအဝေးကို (၃) လ တစ်ကြိမ်ပြုလုပ်၍ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ အခါအားလျော်စွာ ငွေသားစီမံချက်ရေးဆွဲခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄၄။ အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းချသည့် ပြည်တွင်းစျေးကွက်ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေး အတွက်အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်သွားရန်၊ နှစ်စဉ်ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတို့အား နှစ်စဉ်ထုတ်ပြန်ရန်၊ ပြည်တွင်းစျေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အစိုးရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တို့နှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားရန်၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေနှင့်အညီ CS-DRMS Software ဖြင့် ကြွေးမြီဆိုင်ရာ အချက်အလက်များ လေ့လာဆန်းစစ်ခြင်း၊ ရလဒ်များအပေါ်မူတည်၍ တာဝန်ရှိပုဂ္ဂိုလ်များအား အကြံဉာဏ်ပေးနိုင်သည့် အစီရင်ခံစာကောင်းများ ပေါ်ထွက်လာရန်တို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄၅။ စာရင်းများပြုစုပေါင်းချုပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ်ကို အလိုအလျောက်ဆောင်ရွက်နိုင်မည့် Automatic Accounting System ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သည့်ဌာန/ အဖွဲ့အစည်းများ၏ လစဉ်အမှန်စာရင်းများကို အခြေခံ၍ပြုစုပေါင်းချုပ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံစာ တင်ပြမှုပုံစံနှင့် နီးစပ်စွာ ရေးဆွဲထားသည့် နှစ်ပတ်လည်ဘဏ္ဍာရေးအခြေအနေကို တင်ပြသွားမည်ဖြစ်ပါသည်။

၄၇။ ဌာနပိုင် Server Room တစ်ခုအားတည်ဆောက်ပြီး ဖြစ်ရာရုံးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေးနှင့် ကိန်းဂဏန်း၊ အချက်အလက်များအား Data Base System အဖြစ်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄၈။ ထိရောက်မှုရှိသော ဘတ်ဂျက်အကောင်အထည်ဖော်မှုနှင့် အစီရင်ခံတင်ပြမှုတို့အတွက် ဘတ်ဂျက်အကောင်အထည်ဖော်မှု ကြီးကြပ်ကွပ်ကဲရေးဌာနစုအား စာရင်းပေါင်းချုပ်ပြုစုရေးနှင့် အစီရင်ခံရေးဌာနခွဲအောက်တွင် ထပ်မံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄၉။ အစိုးရဝယ်ယူရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် စံသတ်မှတ်ထားသောတင်ဒါစာရွက်စာတမ်းများ ရေးဆွဲပြုစုခြင်း၊ အစိုးရဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်အခြေခံအဆောက်အအုံထူထောင်ပြီး ဝယ်ယူသည့်ဌာန အဖွဲ့အစည်းများ၊ ပစ္စည်းပေးသွင်းသူများ၊ ကန်ထရိုက်တာများနှင့် အကြံပေးပုဂ္ဂိုလ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅၀။ အစိုးရအရာထမ်းများအတွက် ဝယ်ယူရေးနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅၁။ ဘဏ္ဍာရေးညွှန်ကြားမှုဦးစီးဌာန၏ ရည်မှန်းချက်မူဝါဒများ ပိုမိုတိုးတက်အောင်မြင်စေရန်ဖွင့်လှစ်ရန် ကျန်ရှိသည့် ဌာနခွဲ (၂) ခု ဖြစ်သော ငွေတိုက်ရေးရာမူဝါဒနှင့် အရည်အသွေးမြှင့်တင်ရေးဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲတို့ကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သောဝန်ထမ်းအသစ်များ ထပ်မံခေါ်ယူဖြည့်တင်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅၂။ ဌာန၏လုပ်ငန်းများအပြင် နိုင်ငံတကာနှင့်ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများအား စွမ်းရည်ပြည့်ဝစွာဖြင့် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်မှုကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ပါ၍ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းများ၊ ကွန်ပျူတာနှင့် IT နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများသို့ ဝန်ထမ်းများအား စေလွှတ်တက်ရောက်စေမည် ဖြစ်ပါသည်။ လိုအပ်ပါက ပြည်တွင်းရှိ IT ကျွမ်းကျင်ပညာရှင်များ ငှားရမ်း၍ ဌာနရှိ ကွန်ပျူတာဘွဲ့ရ ဝန်ထမ်းများအား on job training အဖြစ် လေ့ကျင့်သင်ကြားမည်ဖြစ်ပါသည်။ ဌာနရှိဝန်ထမ်းများအား လုပ်ငန်းခွင်ပျော်ရွှင်မှုကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်ဖြည့်ဆည်းသွားမည်ဖြစ်ပါသည်။

## နိဂုံး

၅၃။ ငွေတိုက်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ တောင့်တင်းခိုင်မာပြီး ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျစီမံခန့်ခွဲမှုပြုလုပ်နိုင်ရန်အတွက် ငွေကြေးစီမံခန့်ခွဲမှုများ၊ ကြွေးမြီ စီမံခန့်ခွဲမှုများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာနက တာဝန်ယူရသည့် လုပ်ငန်းကိစ္စရပ်များကိုပြည်ထောင်စုဝန်ကြီးဌာနနှင့် အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုများ၊

ပြည်တွင်း/ ပြည်ပမှ အဖွဲ့အစည်းများ၏ အပြုသဘောအကြံပြုချက်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့စသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာ အကူအညီ၊ ငွေကြေးအကူအညီတို့ရယူလျက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၏ ဂုဏ်ဆောင်သည့် ဌာနတစ်ခု ဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

# ပြည်တွင်းအခွန်များဦးစီးဌာန

**နိဒါန်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အလွန်ထိရောက်ကောင်းမွန်သော အခွန်စီမံခွဲမှု လုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်သည့် နိုင်ငံတကာအသိအမှတ်ပြု ခေတ်မီအခွန်ဌာန တစ်ခု ဖြစ်လာစေရန် မျှော်မှန်းချက်ထားရှိပြီး အဆိုပါမျှော်မှန်းချက် အောင်မြင်စေရန်အတွက် မူဝါဒ၊ ရည်မှန်းချက်၊ ၏မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းတိုးတက်ဆောင်ရွက်ခဲ့မှုများ**

၂။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မဟာဗျူဟာအစီအစဉ် (Strategic Plan) ရေးဆွဲဆောင်ရွက်ခဲ့ရာ ပထမအဆင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးအစီအစဉ် (၂၀၁၂-၂၀၁၇) အရ အခွန်ဥပဒေနှင့် Functional Type အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းနှင့် SAS စနစ် ကျင့်သုံးသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို တည်ထောင်နိုင်ခဲ့ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းရေးရာဖွဲ့စည်းပုံကို ပြင်ဆင်ခဲ့ပြီး (၁၁-၅-၂၀၁၇) ရက်နေ့မှစတင်၍ အတည်ပြု ပြောင်းလဲတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁) ကို (၁-၂-၂၀၁၇) မှစတင်၍ SAS စနစ်ကျင့်သုံးသည့် အခွန်ရုံးအဖြစ် ပြောင်းလဲနိုင်ခဲ့ပါသည်။ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)ကိုလည်း SAS စနစ်သို့ ကူးပြောင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ SAS စနစ်အတွက် လိုအပ်သော Standard Operation Procedure ကိုလည်း ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။

၃။ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် အထူးကုန်စည်ခွန်ဥပဒေကို (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်မှစတင်၍ ကျင့်သုံးနိုင်ခဲ့ခြင်း၊ တံဆိပ်ခေါင်းခွန်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၉) ဖြင့် (၁-၈-၂၀၁၇) ရက်နေ့တွင် ပြင်ဆင်မှုလုပ်ဆောင်နိုင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ (မူကြမ်း) ကို ပြုစုနိုင်ခဲ့ခြင်းနှင့် ဝင်ငွေခွန်ဥပဒေအား ခေတ်စနစ်နှင့် လိုက်လျောညီထွေရန်အတွက်လည်း IMF ၏အကူအညီဖြင့် အင်္ဂလိပ်ဘာသာမူကြမ်း ရေးနိုင်ခဲ့ပါသည်။

၄။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံချက်သည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနည်းတူ Digital Taxation စနစ်တစ်ရပ်ပေါ်ထွန်းရေးအတွက် လိုအပ်သောနည်းပညာများကို နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သော World Bank, IMF, US(OTA) တို့မှ နည်းပညာအကူအညီများရယူကာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း M-MPFMpအရ ကမ္ဘာ့ဘဏ်၏ ချေးငွေထောက်ပံ့ငွေများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ဦးစီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ (IT Infrastructure) ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနအတွင်းရှိရုံးများ ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (M-MPFMp) အစီအစဉ်အရMini Data Center နှစ်ခုကို နေပြည်တော် (ရုံးချုပ်) နှင့် ရန်ကုန် (အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသစ်) တွင် ထားရှိတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။Mini Data Center(NPT) အတွက် (Container Type) သည် (၂၅-၁၂-၂၀၁၇) ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိပြီး MDC equipment & LAN Installation & Commissioning ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၆။ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အခွန်စည်းကြပ်မှုလုပ်ငန်းများတွင် စာရွက်စာတမ်း အခြေပြုဆောင်ရွက်နေမှုအစား ခေတ်မီနည်းပညာများအသုံးပြု၍ အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်အတွက်ဌာနတစ်ခုလုံးအသုံးပြုနိုင်မည့် နိုင်ငံတကာ အဆင့် COTS (Commercial-Off-the-Shelf) အခြေပြု Core Taxation Platform ဖြစ်သည့် Integrated Tax Administration System (ITAS) ဝယ်ယူအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါစနစ် Procurement Process အားအဆင့် (၂) ဆင့် (2 Stage Bidding) ဖြင့်လုပ်ဆောင်လျက်ရှိရာ ပထမအဆင့် Bid Opening ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လက်ရှိကာလတွင် Technical Bid Evaluation ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် SAS ရုံးများတွင်တပ်ဆင်အသုံးပြုနိုင်ရေးအတွက် Implementation Schedule သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

၇။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ပညာပေးလုပ်ငန်းများတွင် နည်းပညာအရ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အခွန်ထမ်းပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အခွန်ဆိုင်ရာမေးမြန်းချက်များအပေါ် ဖြေကြားထားမှုများ၊ အခွန်ဆိုင်ရာသိကောင်းစရာ (Publication) များ၊ တံဆိပ်ခေါင်းခွန်နှုန်းထားများကို Mobile Device များပေါ်တွင် အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ရန် Android Application Package (APK) စနစ်၊ iPhone/ iPad Devices များအတွက် iOS စနစ်၊ အခွန်ဆိုင်ရာဥပဒေများ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့အတွက် Update ပြုလုပ်ပေးနိုင်ရန် Admin Portal တစ်ခုတို့ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ IRD_Law app သည် မြန်မာ၊ အင်္ဂလိပ် ဘာသာရပ် နှစ်မျိုးဖြင့် ကြည့်ရှုနိုင်ပြီး ပြည်သူများနှင့် ဝန်ထမ်းများတို့မှ Google Store နှင့် Apple Store များတွင် အခမဲ့အလွယ်တကူ Download ရယူအသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

၈။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းရာတွင် ၎င်းတို့၏စာရင်းကို မည်သည့်ဘဏ်တွင် ဖွင့်လှစ်ထားသည်ဖြစ်စေ၊ မြန်မာ့စီးပွားရေးဘဏ်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းများသို့ အခွန်ပေးသွင်းနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အခွန်ပေးဆောင်သူအားလုံး လွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET (RTGS) စနစ်မှ CCT Function ကိုအသုံးပြု၍ Online Tax Payment ဖြင့် ပုဂ္ဂလိကဘဏ်များမှတဆင့် အခွန်ငွေပေးသွင်းခြင်းကို ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့ရှိ အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) တို့၏ အခွန်ထမ်း ကုမ္ပဏီလုပ်ငန်းရှင်များ အနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**လုပ်ငန်းတိုးတက်အောင်ဆောင်ရွက်ခဲ့မှုများကြောင့်(နိုင်ငံတော်/ ဝန်ကြီးဌာန/ ပြည်သူ) တို့အပေါ် အကျိုးရလဒ်များ**

၉။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့်အညီ အခွန်ထမ်းပြည်သူများထံသို့ အဆင့်မြင့်မားသည့် အခွန်ဝန်ဆောင်မှုများ ပံ့ပိုးထောက်ပံ့နိုင်ခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံရေးလုပ်ငန်းများကို ခေတ်နှင့်အညီ ဆောင်ရွက်နိုင်စေမည့် အခြေခံအဆောက်အဦများ၊ နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အသင့်အတင့်ဖြည့်တင်းနိုင်ခြင်း၊ ပြည်သူများအနေဖြင့် အခွန်ဝန်ဆောင်မှုများကို ရယူရာတွင် အဆင့်အတန်းခွဲခြားမှုမရှိပဲ တစ်ပြေးညီလွယ်ကူစွာ ရယူနိုင်ခြင်းနှင့် အခွန်ပေးဆောင်နိုင်ခြင်းများကို အကျိုးရရှိနိုင်ပါသည်။

**Mini Data Center နှင့် Integrated Tax Administration System (ITAS) implemation လုပ်ငန်းဆောင်ရွက်ခဲ့မှုများကြောင့်ရရှိလာမည့် အကျိုးရလဒ်များ။**

၁၀။ ဌာန၏ IT နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများသည် ပြုပြင်ပြောင်းလဲမှုခရီးစဉ်၏ ဒုတိယအဆင့်တွင်အဓိကကျသည့် သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပြီး အချက်အလက်သိုလှောင်ရာ ဗဟိုဌာနနှင့် ကွန်ပျူတာများကို ကွန်ရက်ချိတ်ဆက်ခြင်းဖြင့် ဝန်ထမ်းများသည် ဌာနတွင်းအီးမေးလ်တစ်ခု (name@ird.gov.mm) ကို ရရှိအသုံးပြုနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းများကို မျှဝေဖလှယ်နိုင်ကာ အီလက်ထရောနစ်နည်းလမ်းဖြင့် ဆက်သွယ်နိုင်မည်ဖြစ်ပါသည်။ ပင်မသတင်းအချက်အလက်နည်းပညာစနစ်အသစ် (ITAS) ကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် အခွန်ထမ်း မှတ်ပုံတင်ရန်၊ စိစစ်ဆောင်ရွက်ရန်၊ စာရင်းအင်းထားရှိရန်နှင့် အမှုတွဲများကိုင်တွယ် လုပ်ဆောင်ရန် နည်းလမ်းတစ်ခုပေါ်ထွက်လာမည် ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် တွင်ရရှိရန်မျှော်မှန်း ထားသည့် ရလဒ်များအနေဖြင့်-

(က) ပေါင်းစည်းထားသည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် (ITAS) သည် အဓိကကျသည့် နေရာများ (နေပြည်တော်ရုံးချုပ်၊ ရန်ကုန်၊ မန္တလေး) တို့တွင် လည်ပတ် လုပ်ဆောင်နေပြီဖြစ်ရာ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အခွန်စည်းကြပ်မှု လုပ်ငန်းများတွင် စာရွက်စာတမ်းအခြေပြု ဆောင်ရွက်နေမှုအစား ခေတ်မီနည်းပညာများအသုံးပြု၍ အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်သည်။

(ခ) အီလက်ထရောနစ် ဝန်ဆောင်မှုအသစ်များအနေဖြင့် အခွန်ထမ်းကြီးများနှင့် အလယ်အလတ်အခွန်ထမ်းများအတွက် အီလက်ထရောနစ်နည်းလမ်းဖြင့် ကြေညာလွှာ တင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် ဌာန၏ ကိုယ်ပိုင်အီးမေးလ် အင်ထရာနက်နှင့် ဝက်ဘ်ဆိုက်၊ တယ်လီဖုန်း ဝန်ဆောင်မှုများ ပေးနိုင်မည် ဖြစ်သည်။

**IRD_Law App Mobile Application စနစ်ကို အကောင်ထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိလာမည့် အကျိုးရလဒ်များ။**

၁၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အဓိကရည်မှန်းချက်ဖြစ်သော အခွန်ထမ်းများကိုယ်တိုင် အခွန်ပေးဆောင်လို့သည့်ဆန္ဒဖြင့် လိုက်နာ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးနှင့် အဓိကအကျဆုံးအချက်ဖြစ်ပါသည်။ ထို့သို့ အခွန်ထမ်းများ၏အကျင့်ကို ပြောင်းလဲနိုင်ရန်ရည်ရွယ်၍ ဌာနအနေဖြင့် အခွန်ထမ်းဝန်ဆောင်မှုဆိုင်ရာ မူဝါဒ (Taxpayer's Service Policy) မူဝါဒနှင့် လုပ်ထုံးလုပ်နည်းစနစ်များ ထုတ်ပြန်ထားရှိပြီး အခွန်ထမ်းဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် အခွန်ထမ်းများအား အခွန်ဆိုင်ရာအသိပညာပေးခြင်း၊ အခွန်ပေးဆောင်မှုများအတွက် အခွန်ထမ်းများ စိတ်ချမ်းသာကျေနပ်မှုရရှိအောင် ဝန်ဆောင်မှုပေးခြင်း၊ အခွန်ပေးဆောင်မှု အဆင့်များတွင် မြန်ဆန်လွယ်ကူသော လုပ်ငန်းအဆင့်များဖြစ်အောင် IT နည်းပညာများ Program များဖြင့် ပြင်ဆင်ခြင်း၊ အခွန်ထမ်းပြည်သူများသိရှိလိုသည့် သတင်းအချက်အလက်များကို တတ်နိုင်သမျှ ထုတ်ပြန်ပေးခြင်းစသည့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နည်းပညာအရ အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများသာမက နိုင်ငံ့ဝန်ထမ်းများပါ မိမိတို့၏ Mobile ဖုန်းများမှတစ်ဆင့် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ အခွန်ဆိုင်ရာသိကောင်းစရာများကို လေ့လာဖတ်ရှုနိုင်သဖြင့် အခွန်ဆိုင်ရာအသိပညာများတိုးပွား၍ ကိုယ်တိုင်လိုလားစွာ အခွန်ပေးဆောင်ခြင်းဟူသော အခွန်ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာရေး အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၁၂။ **အခွန်ထမ်းပြည်သူများ အခွန်ပေးသွင်းရာတွင် ခေတ်မီ ICT နည်းစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်ဆောင်ရွက်နိုင်မှုကြောင့် ရရှိလာမည့်အကျိုးရလဒ်များ။** ပြည်တွင်းအခွန်များဦးစီးဌာန

အနေဖြင့် အခွန်ထမ်းပြည်သူများအားလုံး လွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ် ရှိ Customer Credit Transfer Function ကို အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် သာမက ပုဂ္ဂလိကဘဏ်များတွင်ပါ အခွန်ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အဆိုပါ Online Tax Payment စနစ်အား ပထမအဆင့်အနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊(၂)၊(၃) တို့၏ အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလလယ်ခန့်မှစ၍ အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဆိုင်ရာဘဏ်များ၏ i Banking / Mobile Banking စသည့် ခေတ်မီ Electronic Payment စနစ်များဖြင့် အခွန်ပေးဆောင်နိုင်မည်ဖြစ်၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဆိုင်ရာအခွန်ရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ သွားရောက်ရန်မလိုအပ်တော့ဘဲ မိမိတို့ ရုံးမှပင် ပြည်တွင်းအခွန်များဦးစီးဌာနငွေစာရင်းသို့ Online မှတစ်ဆင့် နာရီပိုင်း မိနစ်ပိုင်းအတွင်း လွှဲပြောင်းအခွန်ပေးသွင်းနိုင်သည့် အကျိုးရလဒ် ရရှိပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် အလွယ်တကူ အခွန်ပေးဆောင်နိုင်ပြီဖြစ်သဖြင့် လိုလားစွာ အခွန်ပေးဆောင်လာပြီး အချိန်နှင့်တပြေးညီ အခွန်ဘဏ္ဍာငွေများကို ကောက်ခံရရှိလာမည်ဖြစ်သဖြင့် နိုင်ငံတော်၊ ဌာနနှင့် ပြည်သူများအတွက်များစွာ အကျိုးရှိသော လုပ်ငန်းစဉ်တစ်ရပ်အား အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ပြီး Doing Business အဆင့်သတ်မှတ်မှုအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

**စိန်ခေါ်မှု/အခက်အခဲများ**

၁၃။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ရည်မှန်းချက်ကို ပြည့်ဝအောင်မြင်အောင်ဆောင်ရွက်ရာ၌ အဖွဲ့အစည်းတစ်ခုအနေဖြင့် အောက်ဖော်ပြပါစိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရဆဲဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ အခွန်နှင့်ဂျီဒီပီအချိုးအစားမှာ ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် လွန်စွာနိမ့်ကျနေခြင်း။

(ခ) မြန်မာနိုင်ငံ၏အခွန်ဥပဒေများအပေါ် အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှု အဆင့်မှာ နိမ့်ကျနေခြင်း။

(ဂ) ခေတ်မီသည့်အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်တစ်ရပ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ကြဉ်းပေးနိုင်ရန် ဌာနတွင်းစွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးရန်လိုအပ်နေခြင်း။

(ဃ) ဌာန၏ စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များသည် စာရွက်စာတမ်းအခြေပြုဖြစ်နေ၍ ခေတ်မမီတော့သည့်အတွက် နည်းပညာကိုပိုမိုကျယ်ပြန့်စွာအသုံးပြုရန်လိုအပ်နေခြင်း။

(င) အခွန်ဆိုင်ရာပေးရန်တာဝန်များကို စည်းကြပ်အကဲဖြတ်သည့် စနစ်များသည် ခေတ်မမီတော့ဘဲ အခွန်ထမ်းများနှင့် ဝန်ထမ်းများအတွက် အဂတိလိုက်စားနိုင်ပြီး ကိုယ်ကျိုးရှာအသုံးချနိုင်မည့် အခွင့်အလမ်းများဖြစ်ပေါ်စေခြင်း။

(စ) အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အထောက်အကူပြုရန်၊ ပြည်သူများ ၎င်းတို့၏အခွန်ဆိုင်ရာ တာဝန်များကို ထမ်းရွက်နိုင်အောင် ကူညီပေးရန်နှင့် လစ်ဟာအားနည်းချက်များကို အနည်းဆုံးဖြစ်စေရန် အခွန်ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ပြောင်းလဲရန်လိုအပ်နေခြင်း။

(ဆ) ဌာန၏ အခွန်ထမ်းဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်မှုနည်းလမ်းများသည် ခေတ်နောက်ကျနေခြင်း။

(ဇ) ဌာန၏အသုံးစရိတ်မှာ ကောက်ခံရရှိမှု၏ ၀.၃ ရာခိုင်နှုန်းသာရှိသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ယှဉ်လျှင် ၈ ဆ ခန့် လျော့နည်းလျက်ရှိခြင်း။

၁၄။ ဌာန၏ သတင်းနည်းပညာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတင်းနည်းပညာစီမံချက် အကောင်အထည်ဖော်ရန် ကျွမ်းကျင်မှုရှိပြီး စွမ်းရည်ပြည့်ဝသော နည်းပညာဆိုင်ရာဝန်ထမ်းများရရှိရန် လိုအပ်ပါသည်။ လက်ရှိနည်းပညာဆိုင်ရာဝန်ထမ်းများအား စွမ်းရည်ပြည့်ဝသောဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်ခြင်းမလုပ်ဆောင်နိုင်ပါက ITAS စနစ်အသုံးပြုသည့်အချိန်တွင် စိန်ခေါ်မှုများစွာပေါ်ပေါက်လာနိုင်ပါသည်။

(ခ) ITAS စနစ်တပ်ဆင်အသုံးပြုသည့်အချိန်တွင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား စနစ် နှင့် ကိုက်ညီအောင် ပြင်ဆင်နိုင်ခြင်းမရှိပါက စနစ်အပြည့်အဝအသုံးပြုနိုင်မည်မဟုတ်ပါ။ လိုအပ်၍ ပြင်ဆင်မှုများထပ်မံဆောင်ရွက်ပါက ကုန်ကျစရိတ်များစွာရှိလာနိုင်ပါသည်။

(ဂ) လက်ရှိရုံးလုပ်ငန်းများ၌ နည်းပညာအသုံးပြု၍ ဆောင်ရွက်ရာတွင် အချိန်တိုအတွင်းအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာနရှိ အဆင့်ဆင့်သော ဝန်ထမ်းအားလုံးသည် လုပ်ငန်းပိုင်ရှင်စိတ် (BusinessOwnership) ဖြင့် ခံယူကျင့်သုံးပြီး ဆောင်ရွက်နိုင်ရန်နှင့် Mindset ပြောင်းလဲရန် လိုအပ်လျက်ရှိပါသည်။

**အခက်အခဲနှင့်စိန်ခေါ်မှုများအပေါ်သုံးသပ်တင်ပြချက်**

၁၅။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် Digital Transmission ကို ဆောင်ရွက်ရာတွင် အခွန်မူဝါဒနှင့် အခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၏ ပြည့်စုံတည်ငြိမ်မှု၊ လူသားအရင်းအမြစ် လိုအပ်မှု စသည့် အကြောင်းတရားများသည် အောင်မြင်သော Digital Transmission ကို ကူးပြောင်းရေးအတွက် လိုအပ်ချက်များဖြစ်ပြီး နည်းပညာပိုင်းပြဿနာမဟုတ်ဘဲ မကြာခဏ ပြောင်းလဲသောဥပဒေနှင့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လူသားအရင်းအမြစ်မပြည့်စုံမှု၊ လေ့ကျင့်ထားသူများကို မထိန်းသိမ်းနိုင်မှုများသည် အရင်းခံအကြောင်းတရားများ ဖြစ်တတ်သဖြင့် အခြားပြုပြင်ပြောင်းလဲမှု စီမံချက်များဖြစ်သော အခွန်မူဝါဒနှင့် သုတေသနစီမံချက်၊ ဥပဒေစီမံချက်၊ လူသားအရင်းအမြစ် တိုးတက်ရေးစီမံချက်များနှင့် ချိန်ကိုက်၍ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၁၆။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို Program Streering Committee တွင် လစဉ်အစည်းအဝေးပြုလုပ်၍ လိုအပ်ချက်များသုံးသပ်ပြီး ရည်မှန်းချက်ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ မဟာဗျူဟာ မျှော်မှန်းချက်အတိုင်း ညွှန်ကြားရေးမှူးချုပ်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

၁၇။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောက်ပါအတိုင်း ရှေ့ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ဌာနတွင်းစာရင်းစစ်ဌာနခွဲကို တည်ထောင်ထားပြီး စာရင်းအင်းများနှင့်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ခိုင်မာမှန်ကန်မှုရှိစေရန်နှင့် လုပ်ငန်းဆိုင်ရာစွန့်စားရမှုများကို စီမံခန့်ခွဲပြီး အာရုံစိုက်လုပ်ဆောင်ရန်။

(ခ) ဌာနတွင်းရေးရာရုံးကို တည်ထောင်ထားပြီး အဂတိလိုက်စားသည့် အပြုအမူများကို သတ်မှတ်ဖော်ထုတ်အရေးယူဆောင်ရွက်ရန်။

(ဂ) အဂတိလိုက်စားသည့် အပြုအမူများဖြစ်ပေါ်စေမည့် အခွင့်အလမ်းများကို လျှော့ချနိုင်ရေး လုပ်ငန်းတာဝန်များကိုခွဲခြားရန်။

(ဃ) ရိုးဖြောင့်မှန်ကန်မှုအပေါ် အများပြည်သူ၏ အမြင်များပိုမိုတိုးတက် ကောင်းမွန်လာစေရန် ဆောင်ရွက်ရန်။

(င) လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်မှ လုပ်ဆောင်ချက်များကို သဘောတူညီထားပြီးဖြစ်သည့် အဓိကစွမ်းဆောင်ရည်အညွှန်းကိန်းများဖြင့်တိုင်းတာရန်။

(စ) အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ အဓိကကျသည့် အခွန်ဆိုင်ရာလုပ်ဆောင်ချက်များကို စောင့်ကြည့် လေ့လာရန်။

၁၈။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သတင်းအချက် အလက်နှင့်နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံချက်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက် Processes and Time Frame ကို အောက်ပါအတိုင်း သတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်-

| လုပ်ငန်းစဉ်အဆင့်ဆင့် | ၁၇/၁၈ | ၁၈/၁၉ | ၁၉/၂၀ | ၂၀/၂၁ | ၂၁/၂၂ |
|---|---|---|---|---|---|
| Data Center တည်ထောင်ခြင်း | | | | | |
| SAS ရုံးများတွင် လက်ရှိ အသုံးပြုနေသော Tax Revenue Manage - ment System Software (TRMS) ကို အဆင့် မြှင့်တင်ခြင်း | | | | | |
| Integrated Tax Administration System Software (ITAS) တင်ဒါခေါ်ယူခြင်း နှင့် ဝယ်ယူခြင်း | | | | | |
| ITAS ကို သတ်မှတ်ပုံစံချခြင်း | | | | | |
| ITAS ကို အကောင်အထည်ဖော်ခြင်း နှင့် အသုံးပြုခြင်း | | | LTO, MTO | Mandalay | Phase 3 |
| အီလက်ထရောနစ် နည်းလမ်းဖြင့် ပေးဆောင်ခြင်း | | | | | |
| အီလက်ထရောနစ်နည်းလမ်းဖြင့် ကြေညာလွှာတင်သွင်းခြင်း | | | | | |

**နိဂုံး**

၁၉။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအားလုံး လွယ်ကူစွာအခွန်ပေးဆောင်နိုင်ရေးအတွက် Online Tax Payment စနစ်ကို နိုင်ငံတစ်ဝှမ်းရှိ အခွန်ထမ်းပြည်သူများအားလုံး အသုံးပြုပေးဆောင်နိုင်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များနှင့်အညီ Digital Economy ပေါ်ထွန်းရေးအတွက် အထောက်အကူပြုစေသည့် Digital Taxation စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်အခွန်ရငွေ ကဏ္ဍ၏ ၇၅ ရာခိုင်နှုန်းကျော်အား တာဝန်ယူကောက်ခံပေးနေရသည့် ဌာနဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အခွန်ထမ်းပြည်သူများယုံကြည်အားထားသည့် ဌာနဖြစ်လာစေရေး၊ ရရှိထားသောအကြံပြုချက်များနှင့်အညီ ပြုပြင်သွားမည်ဖြစ်၍ မဝေးတော့သည့် အနာဂတ်တွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အခွန်အဖွဲ့အစည်းတစ်ရပ်ဖြစ်တည်ပေါ်ပေါက်လာမည်ဟု ခံယူကာ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါသည်။

# အကောက်ခွန်ဦးစီးဌာန

**နိဒါန်း**

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက် တာဝန်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ကာနိုင်ငံတကာ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်စေရန် ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ ခေတ်မီစေရေးတို့အား ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းတိုးတက်ဆောင်ရွက်ခဲ့မှုများ**

၂။ **MACCSစနစ်အားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။** အကောက်ခွန်ဦးစီးဌာန တွင် ယခင်ကာလများ၌ အကောက်ခွန်ကိစ္စရပ်များအားရှင်းလင်းဆောင်ရွက်ရာတွင် Manual စနစ်ဖြင့် ဆောင်ရွက်နေရာမှ အလိုအလျောက် ရှင်းလင်းရေးစနစ်သို့ ပြောင်းလဲ ကျင့်သုံးနိုင်ရေးအတွက် (၂၄-၇-၂၀၁၃) ရက် နေ့မှစ၍ဆောင်ရွက်ခဲ့ရာ (၁၂-၁၁-၂၀၁၆) ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ **ကုန်ပစ္စည်းအမျိုးအစားကြိုတင်ခွဲခြားသတ်မှတ်ခြင်းနှင့် ကုန်ပစ္စည်းတန်ဖိုးကြိုတင်သတ်မှတ်ခြင်းစနစ်။** နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်ပစ္စည်းအမျိုးအစား ကြိုတင်ခွဲခြားသတ်မှတ်ခြင်း (Advance Ruling on Classification) နှင့် ကုန်ပစ္စည်းတန်ဖိုး ကြိုတင်သတ်မှတ်ခြင်း (Advance Ruling on Customs Valuation) စနစ်များအတွက် လုပ်ထုံးလုပ်နည်း ရေးဆွဲတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးရုံးမှ (၁၄-၁၀-၂၀၁၆) ရက်နေ့တွင် အတည်ပြုချက်ရရှိခဲ့ပြီး (၁၅-၁၀-၂၀၁၆) ရက်နေ့မှ စတင်ကျင့်သုံးဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ **မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၂ မှ ၂၀၁၇သို့ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခြင်း။** မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၂ မှ ၂၀၁၇ သို့ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် WCO နှင့် AHTN ၏ ပြင်ဆင်ချက်များအားအခြေခံ၍ AHTN Task Force Meeting (၁၀) ကြိမ် ကျင်းပခဲ့ပြီး ကုန်ပစ္စည်းအမျိုးအစားသစ်တိုးလာခြင်း၊ လျော့သွားခြင်းတို့အား နောက်ဆုံးအချက်အလက်များနှင့် International Pratice နှင့်အညီ (၁-၁၀-၂၀၁၇) ရက်နေ့တွင် စတင်ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါသည်။

၅။ **နှောင်းစာရင်းစစ်ဆေးခြင်းစနစ် (PCA) အားကျင့်သုံးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲခြင်း။** နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင်းစာရင်းစစ်ဆေးခြင်းစနစ် (PCA) အား ကျင့်သုံးနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာန၏ နှောင်းစာရင်းစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများရေးဆွဲနိုင်ရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ အတည်ပြုချက်ရယူပြီး စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

၆။ **အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ်အားရေးဆွဲဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ် (Authorized Economic Operator-AEO Programe) အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြကာ (၃၀-၁၁-၂၀၁၆) ရက်နေ့မှစ၍ Working Group ဖွဲ့စည်းခဲ့ပြီး ရေးဆွဲထားသည့် Action Plan အတိုင်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၇။ **အကောက်ခွန်ဥပဒေအားလိုက်နာစေရေးအတွက် တရားမဝင်တင်သွင်း/တင်ပို့မှုများအား ကာကွယ်တားဆီးခြင်း။** အကောက်ခွန်ဥပဒေအားလိုက်နာစေရေး၊ တရားမဝင် တင်သွင်းတင်ပို့မှုများ ကာကွယ်တားဆီးရေးတို့အတွက် ဆောင်ရွက်ခဲ့ရာအကောက်ခွန်ဦးစီးဌာန အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းဖမ်းဆီးမှု (၁၂၈၅) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၁၄၂၆၁.၄၀)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့မှ (၃၁-၁-၂၀၁၈) ရက်နေ့ထိ စုစုပေါင်းဖမ်းဆီးမှု (၃၇၂၄) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၃၀၅၃၇.၈၆၅) အား ဖမ်းဆီးတားဆီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးစခန်းများ ထပ်မံဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ခဲ့ရာ စတင်ဖွင့်လှစ်ခဲ့သည့် (၁၆-၁-၂၀၁၇) ရက်နေ့မှ (၃၁-၁-၂၀၁၈) ရက်နေ့အထိ ရေပူစစ်ဆေးရေးစခန်းမှ ဖမ်းဆီးတားဆီးမှု (၁၅၈၄) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၁၄၄၁၀.၇၉၀) နှင့် မရမ်းချောင် စစ်ဆေးရေးစခန်းမှ ဖမ်းဆီးတားဆီးမှု (၁၄၉၁) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၇၂၂၅.၆၈၀)၊ စုစုပေါင်းဖမ်းဆီးတားဆီးမှု (၃၀၇၅) မှု၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၂၁၆၃၆.၄၇၀) အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လာဘ်ပေးလာဘ်ယူကင်းရှင်းရေးဆောင်ရွက်ခြင်း**

၈။ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအား အသိပညာပေးခြင်း၊ လစဉ်ဌာနအကြီးအကဲနှင့် ဝန်ထမ်းတွေ့ဆုံမှုများတွင် သတိပေးဆွေးနွေးပြောကြားခြင်းများဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွင် တိုးတက်မြင့်မားလာစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပြစ်မှုကျူးလွန်သော ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာအပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**တိုးတက်ဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးများ**

၉။ MACCS စနစ်အားအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခင် ID/ED တင်သွင်းပြီးကုန်ပစ္စည်းထုတ်ယူရန်အတွက် (၃) ရက်မှ (၅) ရက်နှင့် တစ်ခါတရံတွင် (၁၀) ရက်ခန့်ကြာမြင့်ခဲ့ရာမှ ယခုအချိန်တွင် မှန်ကန်မှုရှိသည့်ကုမ္ပဏီများအတွက် မိနစ်ပိုင်းအတွင်း၊ စက္ကန့်ပိုင်းအတွင်း ကုန်ပစ္စည်းထုတ်ယူခွင့် (Release Order) ရသည်အထိ ပြောင်းလဲဆောင်ရွက်

နိုင်ခဲ့ပြီးကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အချိန်နှင့်ငွေကြေးအင်အားစုများ လျော့နည်းသက်သာစေသည့်အပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလည်း အထောက်အကူရရှိစေမည် ဖြစ်ပါသည်။

၁၀။ ကုန်ပစ္စည်းအမျိုးအစား ကြိုတင်ခွဲခြားသတ်မှတ်ခြင်း (Advance Ruling on Classification) နှင့် ကုန်ပစ္စည်းတန်ဖိုး ကြိုတင်သတ်မှတ်ခြင်း (Advance Ruling on Customs Valuation) စနစ်များ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် စာရွက်စာတမ်းကိုရိယာထိန်းသိမ်းမှုနည်းပါးခြင်း၊ ကုန်ကျစရိတ်နည်းပါးခြင်း၊ အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် ကုန်ပစ္စည်းထုတ်ယူနိုင်ခြင်း၊ ပြည်သူလူထုအမြင်ကြည်လင်ခြင်း၊ အချိန်တိုအတွင်း အကျိုးအမြတ် ရရှိခံစားနိုင်ခြင်း၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအလေ့အကျင့်များနှင့် ကိုက်ညီမှုရှိခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိအောင်မြင်စေခဲ့ပါသည်။

၁၁။ AEO နှင့် စပ်လျဉ်း၍ ကုမ္ပဏီများ၏ Compliance မှတ်တမ်းများ၊ သင့်လျော်သောထိန်းချုပ်မှုစနစ်များ၊ ကုမ္ပဏီ၏ငွေကြေးခိုင်မာမှု၊ တည်ငြိမ်မှု၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်မှုတို့အပေါ် အခြေခံစစ်ဆေး၍ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေသည့် အကျိုးအမြတ်ခံစားခွင့်ကို အသိအမှတ်ပြု ထောက်ခံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ငွေအပြည့်အဝ ရရှိစေခြင်း၊ စည်းကမ်းကောင်းမွန်သည့် ကုမ္ပဏီများတိုးပွားလာခြင်းနှင့် လုံခြုံစိတ်ချရသည့် ကုန်သွယ်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေမည် ဖြစ်ပါသည်။

၁၂။ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့်အခြားစုစုပေါင်းရငွေ ကျပ်သန်းပေါင်း (၅၄၀၅၅၈.၀၂) သန်း၊ လျာထားချက်၏ (၉၅.၆၇%) ရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးအတွက် အကောက်ခွန် လျာထားချက် ကျပ်သန်းပေါင်း (၄၉၀,၀၀၀.၀၀) နှင့် အခြားရငွေလျာထားချက် ကျပ်သန်းပေါင်း (၃၈,၀၀၀.၀၀) စုစုပေါင်း လျာထားချက် ကျပ်သန်းပေါင်း (၅၂၈,၀၀၀.၀၀) သတ်မှတ်လျာထားခဲ့ပြီး (၁-၄-၂၀၁၇) ရက်နေ့မှ (၃၁-၁-၂၀၁၈) ရက်နေ့အထိစုစုပေါင်းရငွေကျပ်သန်းပေါင်း (၄၆၂၉၀၉.၅၁) ရရှိလျက်ရှိပြီး ရာခိုင်နှုန်းအနေဖြင့်လျာထားချက်၏ (၈၇.၆၇%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရင်ဆိုင်ကြုံတွေ့ခဲ့ရသောအခက်အခဲများ/စိန်ခေါ်မှုများ**

၁၃။ မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (MACCS) ဖြင့် Manual စနစ်မှ Automation စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် (၂၄-၇-၂၀၁၃) ရက်နေ့မှ (၁၂-၁၁-၂၀၁၆) ရက်နေ့အထိ Working Group (၇) ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အပြင် မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ FDA ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ခြင်း၊ ညှိနှိုင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။

၁၄။ ယခင်က တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) အား (၃၁-၁၂-၂၀၁၅) ရက်နေ့တွင် ဖျက်သိမ်းခဲ့သည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား တားဆီးထိန်းချုပ်နိုင်ရန် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများအား အကောက်ခွန်ဦးစီးဌာနမှ ဦးစီး၍ (၁-၃-၂၀၁၇) ရက်နေ့ မှစတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

**အခက်အခဲစိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ**

၁၅။ MACCS စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုများ လွယ်ကူချောမွေ့မြန်ဆန်လာခြင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အချိန်ကုန်ငွေကုန် သက်သာလာသည်နှင့်အမျှ လာဘ်ပေးလာဘ်ယူကိစ္စများလည်း လျော့နည်းပပျောက်သွားမည် ဖြစ်ပါသည်။ ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ ထားရှိဆောင်ရွက်ခဲ့သည့်အတွက် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်သွားမည့်အပြင် ဥပဒေစိုးမိုးမှုပိုမို ကျယ်ပြန့်လာခြင်းနှင့် ပြည်သူတို့၏ အကျိုးစီးပွားများကိုလည်း ကာကွယ်စောင့်ရှောက်ပြီးဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၁၆။ **Revised Kyoto Convention အားအကောင်အထည်ဖော် ဆောင်ရွက်ခြင်း။** ပြန်လည်ပြုပြင် ထားသောတိုကျိုသဘောတူညီချက် (Revised Kyoto Convention-RKC) သည် ရိုးရှင်းပြီး သဟဇာတဖြစ်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြစ်ပါသည်။ ဌာနတွင်းလုပ်ငန်းအဖွဲ့များ နှင့် RKC ပါ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့် လက်ရှိ အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များကွာဟမှုရှိ/မရှိဆန်းစစ်ခြင်း (Gap Analysis) ကို ဆောင်ရွက်ပြီး အဆိုပါကွာဟမှုဆန်းစစ်လေ့လာချက်၏ ရလဒ်အပေါ်မူတည်၍ Action Plan ရေးဆွဲလျက်ရှိပါသည်။ RKC ဝင်ရောက်နိုင်ရေးနှင့်ပတ်သက်၍ ပြည်တွင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်းကို ၂၀၁၈ ခုနှစ်၊ မတ်လတွင်အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

၁၇။ **အကောက်ခွန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီစေရေး မဟာဗျူဟာ စီမံချက်။** အကောက်ခွန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီစေရေးမဟာဗျူဟာစီမံချက်အား ၂၀၁၇ မှ ၂၀၂၂ ခုနှစ် အတွင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်မီသည့် အပြည်ပြည်ဆိုင်ရာအကောက်ခွန် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ခြင်း၊ ခေတ်မီသည့် IT ပတ်ဝန်းကျင်တစ်ခုအား ထူထောင်ခြင်း၊ အဖွဲ့အစည်းအားပြုပြင်ပြောင်းလဲရန်နှင့် ၎င်း၏လူသားအရင်းအမြစ်များအား မြှင့်တင်ပေးခြင်းနှင့် ထိရောက်သည့် မိတ်ဖက်များဖန်တီးခြင်းနှင့် ပြုစုပျိုးထောင်ခြင်းစသည့် နယ်ပယ်ကြီး (၄) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံချက် (Strategic Plan of

Customs Development) ကို အောင်မြင်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့(၃) ခုဖြစ်သော အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Procedures and Trade Facilitation Working Group-CPTFWG)၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့်လိုက် နာရေးလုပ်ငန်းအဖွဲ့ (Customs Enforcement and Compliance Working Group-CECWG)၊ အကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Capacity Building Working Group-CCBW) တို့ဖွဲ့စည်း၍ အာဆီယံအဆင့်အစည်းအဝေးများကျင်းပကာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၁၈။ **Trade Facilitation Agreement (ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်) ။** မြန်မာနိုင်ငံသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade Facilitation Agreement) အား (၂၂-၂-၂၀၁၇) ရက်နေ့မှစ၍ စတင်အကောင်အထည်ဖော် လျက်ရှိပါသည်။ အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များတွင် အကောက်ခွန်ဦးစီးဌာနအပါအဝင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန စသည့်ဌာနများဖြင့် လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (National Trade Facilitation Committee - NTFC) ဖွဲ့စည်းထားပြီး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၉။ **Risk Management စနစ်အားကျင့်သုံးခြင်း။** Myanmar Automated Cargo Clearance System (MACCS) စနစ်တွင်ပါဝင်သော Myanmar Customs Intelligence System(MCIS) သည် Risk Management ကိုအခြေခံသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ရန်ကုန် ရုံးချုပ်နှင့် ရန်ကုန်ဇရိယာအတွင်း၌ တင်သွင်း/တင်ပို့လာသောကုန်ပစ္စည်းများကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ စစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် နယ်စပ်စစ်ဆေးရေးစခန်းများ တွင်လည်း Risk Management စနစ်ဖြင့် Manual စစ်ဆေးခြင်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀။ **ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း။** အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းအင်အားကိုတိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက် ရှိပါသည်။ အကောက်ခွန်ဦးစီးဌာနတွင် ဖွဲ့စည်းပုံအရာအရာထမ်း(၃၄၉)ဦး၊ အမှုထမ်း(၂၈၂၂)ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ရာဌာနတွင်းမှ ဝန်ထမ်းများအားရာထူးတိုးမြှင့်ခြင်း၊ ပြင်ပမှ ဝန်ထမ်းသစ်များ ရွေးချယ်ခန့်ထားခြင်းနှင့်များပြားလာသော လုပ်ငန်းတာဝန်များနှင့်ထပ်မံတိုးချဲ့မည့်ဌာနခွဲများအတွက် အရာထမ်း(၅၈၁)ဦး၊ အမှုထမ်း(၃၃၉၄)ဦး စုစုပေါင်း ဝန်ထမ်းအင်အား (၃၉၇၅) ဦးရှိသည့် ဖွဲ့စည်းပုံအသစ်အားတိုးချဲ့ဖွဲ့စည်းနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။

၂၁။ **MACCS စနစ်ဆောင်ရွက်ခြင်း။** MACCS စနစ်အားရန်ကုန်ဧရိယာ (သီလဝါ စီးပွားရေးဇုန် အပါအဝင်) (၁၄)နေရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီးနောက် မြဝတီနယ်စပ်ဒေသတွင် ၂၀၁၈ ခုနှစ် ၊ ဇွန်လ၌ တိုးချဲ့အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြဝတီနယ်စပ်ဒသတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ကျန်နယ်စပ်ဒေသများတွင်လည်း တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် တိုးချဲ့အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၂။ **CIQ (Customs, Immigration, Quarantine) ဆောင်ရွက်ခြင်း။** CIQ (Customs, Immigration, Quarantine) ဆောင်ရွက်မှုအနေဖြင့် နယ်စပ်ဝင်ပေါက်ထွက်ပေါက်များတွင် အရေး ပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် နိုင်ငံတကာစံနှုန်းများနှင့်အညီဆောင်ရွက်နိုင်ရန်အတွက် CIQ လုပ်ငန်းစဉ်အား အကောင်အထည်ဖော်နိုင်ရေး CIQ Pilot Project အားမြန်မာ-ထိုင်းနယ်စပ် (မြဝတီ)ဒေသတွင် ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ **SSI (Single Stop Inspection) ဆောင်ရွက်ခြင်း။**လူ၊ ငွေကြေး၊ အချိန်စွမ်းအားစုများကို သက်သာစေပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက်လည်း အထောက်အကူပြုကာ နှစ်နိုင်ငံ ကုန်သွယ်မှု ကိန်းဂဏန်းများကိုလည်း မှန်ကန်စွာရရှိစေနိုင်သော SSI (Single Stop Inspection) လုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ်အတွင်းစတင်ကျင့်သုံးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၄။ **E-Lock စနစ်နှင့် Containerization စနစ်ကျင့်သုံးခြင်း။** SSI (Single Stop Inspection) စနစ်ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံနှုန်းနှင့်အညီဖြစ်စေရေးအတွက် E-Lock စနစ်နှင့် Containerization စနစ်သည် မဖြစ်မနေကျင့်သုံးရန်လိုအပ်လာမည်ဖြစ်ပါသည်။ ကုန်ပစ္စည်းများ၏ အခြေအနေ၊ မြေမျက်နှာပြင်တည်နေရာ၊ ကုန်တင်ယာဉ်၏လမ်းကြောင်း အဝင်အထွက် နှိုင်းယှဉ်ခြင်း များကို ဖော်ပြနိုင်သော မြင့်မားသည့် သတင်းအချက်အလက်နည်းပညာပေါ်တွင် အခြေခံထားသည့် စနစ်တစ်ခုဖြစ်သောကြောင့် E-Lock စနစ်နှင့် Containerization စနစ်ဖြင့် ကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်မှုကဏ္ဍအား ၂၀၁၈ ခုနှစ်အတွင်းစတင် ကျင့်သုံးနိုင်ရေးဆောင်ရွက် လျက်ရှိပါသည်။

## နိဂုံး

၂၅။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် (၁-၄-၂၀၁၆) မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အတွင်း မြန်မာ့ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်ထိန်းချုပ်ရေးစနစ် (MACCS)ဖြင့် Manual စနစ်မှ Automation စနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်ပစ္စည်း အမျိုးအစားကြိုတင်ခွဲခြားသတ်မှတ်ခြင်းနှင့် ကုန်ပစ္စည်းတန်ဖိုးကြိုတင်သတ်မှတ်ခြင်း စနစ်များ အားစတင်ကျင့်သုံးနိုင်ခြင်း၊ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၂ မှ ၂၀၁၇သို့ ပြောင်းလဲ ကျင့်သုံးခြင်း၊ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ATIGA) နှင့်အညီကုန်သွယ်ဖက်

နိုင်ငံအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုနိုင်မည့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ် (AEO Program) အား ဆောင်ရွက်မည့်အစီအစဉ် (Action Plan) အား ရေးဆွဲဆောင်ရွက်နိုင်ခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် အကောက်ခွန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လိုက်နာစေရေးတို့အတွက် ရည်ရွယ်သည့် နောင်းစာရင်းစစ်ဆေးခြင်းစနစ် (PCA) အား ကျင့်သုံးနိုင်ခဲ့ခြင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏အကျိုး စီးပွားများ တိုးတက်ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

# ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

## နိဒါန်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ၎င်းတို့မှ ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီဆောင်ရွက်မှုရှိစေရေး ကြီးကြပ်ကွပ်ကဲလျက်ရှိသော ဌာနဖြစ်ပါသည်။ ဌာန၏ အဓိကလုပ်ငန်းတာဝန်များမှာ သေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်ကွပ်ကဲခြင်း၊ အာမခံလုပ်ငန်းများကြီးကြပ်ကွပ်ကဲခြင်း၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးနှင့် အောင်ဘာလေထီလုပ်ငန်းဆိုင်ရာများ ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## လုပ်ငန်းတိုးတက်ဆောင်ရွက်ခဲ့မှုများ

၂။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများဖြစ်သောကြောင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရန် ၎င်းတို့အတွက် လိုအပ်သော မတည်ရင်းနှီးငွေအား အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများဖြင့် ချေးငွေထုတ်ချေးပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ (၂) နှစ်တာကာလတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် အဖွဲ့အစည်းများလုပ်ငန်းလိုင်စင်ခွင့်ပြုပေးနိုင်မှုနှင့် ဆောင်ရွက်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### လုပ်ငန်းလိုင်စင်ခွင့်ပြုမှု

| အဖွဲ့အစည်းအမည် | | ၂၀၁၆ ခုနှစ် ဧပြီလ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလ |
|---|---|---|---|
| (က) | INGO | ၅ | ၅ |
| (ခ ) | NGO | ၂၄ | ၂၂ |
| (ဂ ) | ပြည်ပကုမ္ပဏီ | ၂၂ | ၃၉ |
| (ဃ) | ပြည်တွင်းကုမ္ပဏီ | ၁၁၂ | ၁၀၇ |
| (င) | အစုစပ်ကုမ္ပဏီ | ၄ | ၃ |
| | **စုစုပေါင်း** | **၁၆၇** | **၁၇၆** |

### လုပ်ငန်းဆောင်ရွက်နိုင်မှု

| အကြောင်းအရာ | | ၂၀၁၆ ခုနှစ် ဧပြီလ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလ |
|---|---|---|---|
| (က) | မတည်ငွေ(ကျပ်သန်း) | ၁၃၉၃၀၆.၃၂၁ | ၃၂၇၉၈၇.၈၃၀ |
| (ခ ) | ထုတ်ချေးငွေ | ၁၄၅၀၀၇၁. ၉၆ | ၃၈၁၈၉၄၇.၆၃ |

| | | | |
|---|---|---|---|
| (ဂ) | စုဆောင်းငွေ | ၉၀၀၅၁. ၈၅ | ၂၉၂၆၄၇.၆၈ |
| (ဃ) | အသင်းသားဦးရေ | ၁၈၇၄၃၈၇ ဦး | ၃၂၄၉၅၇၈ ဦး |
| (င) | မြို့နယ် | ၂၀၈ | ၂၃၃ |
| (စ) | ရပ်ကွက် | ၁၅၃၂ | ၁၇၇၂ |
| (ဆ) | အုပ်စု | ၄၅၇၁ | ၅၇၇၅ |
| (ဇ) | ကျေးရွာ | ၁၃၆၉၃ | ၁၇၉၆၄ |

၃။ အာမခံလုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်းနှင့် ပတ်သက်၍ တိုးတက်ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံခြား အာမခံကုမ္ပဏီများအား မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရန် အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (Insurance Sector Liberalization Plan)နှင့် လမ်းပြမြေပုံ (Roadmap) အား ရေးဆွဲထားပြီး ဖြစ်ပါသည်။ ၎င်းအစီအစဉ်အရ နိုင်ငံခြားအာမခံကုမ္ပဏီများအား စိစစ်ရွေးချယ်နိုင်ရေးအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများစိစစ်ရွေးချယ်ရေးအဖွဲ့မှ ပြင်ပအကြံပေးဝန်ဆောင်မှု ရယူပြီး စနစ်တကျ ရွေးချယ်စိစစ်လျက် ၂၀၁၈ခုနှစ်အတွင်း လိုင်စင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ပုဂ္ဂလိကအာမခံကုမ္ပဏီများအား ယခင်အာမခံအမျိုးအစား(၉) မျိုးကို လုပ်ကိုင် ခွင့်ပြုထားခဲ့ပြီးယခုကာလအတွင်း အာမခံအမျိုးအစား(၁၁)မျိုးတို့ကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ ခွင့်ပြုချက်ရရှိနိုင်ရေးတင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၁-၄-၂၀၁၇) ရက်စွဲပါ စီးပွားရေးရာကော်မတီ(၇/၂၀၁၇)အစည်းအဝေး ကောက်နုတ်ချက်အရ လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၎င်း(၁၁)မျိုးထဲမှအာမခံအမျိုးအစား(၅) မျိုးတို့ကို ထပ်မံလုပ်ကိုင်ခွင့်ပြုထားခဲ့ပြီး စုစုပေါင်းအာမခံအမျိုးအစား(၁၄)မျိုးကို မြန်မာနိုင်ငံအာမခံ ဈေးကွက်တွင်ရောင်းချခွင့်ပြုပြီး ဖြစ်ပါသည်။ ကျန်ရှိသော အာမခံအမျိုးအစား(၆) မျိုးကိုလည်း ထပ်မံရောင်းချခွင့်ပြုနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) မြန်မာနိုင်ငံအာမခံဈေးကွက်အတွင်းရှိ ပြည်တွင်း ပုဂ္ဂလိက အာမခံကုမ္ပဏီ (၁၁) ခု တို့တွင် ယခင် ၎င်းကုမ္ပဏီရုံးချုပ်နှင့် ကုမ္ပဏီရုံးခွဲ (၃၈) ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ယခုကာလအတွင်း (၁၈) ခု ထပ်မံ ဖွင့်လှစ် ခွင့်ပြုနိုင်ခဲ့ရာ စုစုပေါင်း (၅၆)ခုအထိ ဖွင့်လှစ်ခွင့်ပြုနိုင်ခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံပေါင်း (၁၄) နိုင်ငံတို့မှ နိုင်ငံခြားအာမခံကုမ္ပဏီ (၂၆) ခုတို့အား နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံး တရားဝင်ဖွင့်လှစ်ခွင့်ရရှိပြီးနိုင်ငံခြားအာမခံ ကိုယ်စားလှယ်ရုံး

အသိအမှတ်ပြုလက်မှတ် (Registration Certificate) ထုတ်ပေးနိုင်ရေးအတွက် သတ်မှတ်နှစ်စဉ်လိုင်စင်ကြေး(၁)နှစ်လျှင်အမေရိကန် ဒေါ်လာ ၁၀၀၀ (USD 1,000) စီတို့အား ၁၉၉၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ (၂၂) နှစ် ကာလအတွင်း ကောက်ခံနိုင်ခဲ့ပါသည်။ အဆိုပါ နိုင်ငံခြား အာမခံကိုယ်စားလှယ်ရုံးများအနက် ဂျပန်အာမခံကုမ္ပဏီ (၃) ခုတို့အား ၂၀၁၅ ခုနှစ် မေလမှစ၍ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အာမခံအမျိုးအစား(၇)မျိုးကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ဆက်လက်လုပ်ကိုင်နိုင်ရေး သက်တမ်းတိုးမြှင့်ခြင်း ဆောင်ရွက်ထားပါသည်။

(ဃ) မြန်မာ့အာမခံဈေးကွက်တွင် ကျင့်သုံးနိုင်မည့် တဆင့် အာမခံလုပ်ငန်း စီမံချက် (Reinsurance Plan) ရေးဆွဲထားပြီးဖြစ်ပါသည်။

**လုပ်ငန်းတိုးတက်ဆောင်ရွက်ချက်များ၏ အကျိုးရလဒ်များ (နိုင်ငံတော်၊ပြည်သူ/ဝန်ကြီးဌာန အတွက်)**

၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့်အဖွဲ့အစည်းများ တိုးတက်ခွင့်ပြုပေးနိုင်ခြင်းကြောင့် အခြေခံလူတန်းစားများအတွက် လိုအပ်သည့်မတည်ရင်းနှီးငွေအား ချေးငွေဖြင့်ပံ့ပိုးပေးနိုင်ခြင်း၊ အဖွဲ့အစည်းများ၏ရင်းနှီးမြှုပ်နှံငွေများသည် နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံငွေအဖြစ် စီးဝင်လာပြီး ၎င်းအပေါ်မှ ရရှိသည့် အမြတ်ငွေအပေါ် နိုင်ငံတော်သို့ အခွန်ဘဏ္ဍာရရှိခြင်းနှင့် လုပ်ငန်းလိုင်စင်ကြေးများအရ နိုင်ငံတော်ဝင်ငွေရရှိမှုများ တိုးတက်ခဲ့ခြင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လျက် ဘဏ္ဍာရေးဆိုင်ရာ အသိပညာများ တိုးတက်ရရှိခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှု နည်းပညာများ တိုးတက်ရရှိခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲလျက် နိုင်ငံတကာမှကျင့်သုံးလျက်ရှိသော ဥပဒေစည်းမျဉ်းစည်းကမ်းများအား လေ့လာသုံးသပ်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်ကွပ်ကဲနိုင်မှုရရှိခဲ့ပါသည်။

၅။ အာမခံလုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်းနှင့် ပတ်သက်၍ အာမခံလုပ်ငန်းကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံချက် (Insurance Sector Liberalization Plan) အရ နိုင်ငံခြားအာမခံကုမ္ပဏီများ မြန်မာ့အာမခံ ဈေးကွက်အတွင်း ဝင်ရောက်လာပါက နိုင်ငံအတွင်းသို့ ပြည်ပမှ အရင်းအနှီးများ(Capital Inflow) စီးဝင်လာခြင်း ၊ ၎င်းတို့ထံ မှနည်းပညာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံသားများ အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ ဈေးကွက်ကျယ်ပြန့် လာခြင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ တိုးတက်ရရှိခဲ့ပါသည်။ တဆင့်အာမခံလုပ်ငန်း စီမံချက် ( Reinsurance Plan) အရ အာမခံ ကုမ္ပဏီများ ကိုလုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ဆုံးရှုံးမှုကို

မျှဝေခံစားနိုင်ခြင်း၊ နိုင်ငံခြားကုမ္ပဏီတွင် တဆင့်အာမခံထားရှိသဖြင့် နည်းပညာ အကူအညီရနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

**ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများ/စိန်ခေါ်မှုများ**

၆။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်းနှင့်ပတ်သက်၍ အဖွဲ့အစည်းများသည် မြို့ပြနှင့် လူနေထူထပ်သည့် ဒေသများ၌သာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်း အတွက် စရိတ်သက်သာမှုရရှိစေရန် ဆောင်ရွက်ခြင်းကြောင့် ကျေးလက် ဒေသများသို့ပြန့်နှံ့ရောက်ရှိစေရေး တွန်းအားပေးဆောင်ရွက်ရခြင်း၊ အသင်းသားများ အနေဖြင့် ချေးငွေရယူလိုမှုတစ်ခုတည်းသာ ဦးစားပေး ခြင်းကြောင့် အဖွဲ့အစည်း ၃/၄ ဖွဲ့ထံမှ ချေးငွေရယူခြင်းဖြင့် ၎င်းတို့အတွက် ကြွေးနွံနစ်စေမည့် အခြေအနေမဖြစ်စေရန် အဖွဲ့အစည်းများအား Client Database များထားရှိနိုင်ရေး ညွှန်ကြား ဆောင်ရွက်ရခြင်း၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် စာရင်းအချက် အလက်ကောက်ခံရာတွင် ပြည်တွင်းကုမ္ပဏီအများစုသည် ICT နည်းပညာသုံးစွဲနိုင်မှုမရှိသေးခြင်း၊ ပြည်သူများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာနည်းပါးခြင်းများတွေ့ရှိရပါသည်။

၇။ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းနှင့်ပတ်သက်၍ အာမခံလုပ်ငန်းကျွမ်းကျင်သူ နည်းပါးခြင်း၊ IT စနစ်မဖွံ့ဖြိုးသေးခြင်း၊ အများပြည်သူအာမခံအသိပညာနည်းပါးနေခြင်း၊ ခိုင်မာစွာရေးဆွဲ ထားသည့်ကြီးကြပ်မှု မူဘောင် မရှိသေးခြင်း၊ နိုင်ငံခြားအာမခံကုမ္ပဏီများအား ယှဉ်ပြိုင်နိုင်သည့် အနေအထား အဆင်သင့်မရှိသေးခြင်းများတွေ့ရှိရပါသည်။

**အခက်အခဲစိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်**

၈။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်ကွပ်ကဲသူများနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ကျွမ်းကျင်မှု အရည်အသွေး ဆိုင်ရာသင်တန်းများ စဉ်ဆက်မပြတ်ပို့ချပေးခြင်းဖြင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုး လာမည်ဖြစ်ခြင်း၊ ပြည်သူများအနေဖြင့် အသေးစားငွေရေးကြေးရေးနှင့် ပတ်သက်၍ အသိပညာ ပိုမိုရရှိ စေရန် သတင်းစာ၊ စာစောင်နှင့် ရုပ်မြင်သံကြားအစီအစဉ်များ၌ ထည့်သွင်းဖော်ပြပေးခြင်း၊ လုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများတွင် အသင်းသားများ၏ ချေးငွေရယူမှု မှတ်တမ်း Client Database များ စုဆောင်းထားခြင်းဖြင့် အသင်းသားများ၏ ကြွေးနွံနစ်မှုစနစ်မှ ကာကွယ်ပေး နိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အစည်းများအား မြို့ပြနှင့် လူနေထူထပ်သည့်နေရာများ၌ လုပ်ငန်း ဆောင်ရွက်ခြင်းထက် ကျေးလက်ဒေသများသို့ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊ မတည်ရင်းနှီးငွေ နည်းပါးသည့် ပြည်တွင်းအဖွဲ့အစည်းများအား ချေးငွေရယူနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ကြီးကြပ်သူနှင့် လုပ်ငန်း ဆောင်ရွက် သည့် အဖွဲ့အစည်း နှစ်ခုကြား သတင်းအချက်အလက်၊ နည်းပညာများ လျင်မြန်စွာ ဆက်သွယ်ရရှိရေး

MIS စနစ် သုံးစွဲနိုင်ရေးဆောင်ရွက်ခြင်းဖြင့် အသေးစားငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

၉။ အာမခံကြီးကြပ်သူများ နှင့် အာမခံလုပ်ငန်းလုပ်ကိုင်သူ (Player) နှစ်ဘက်စလုံးတွင် ကျွမ်းကျင်မှု အရည်အသွေး မြှင့်သင်တန်းများ အဆက်မပြတ်ပို့ချနိုင်ခြင်းဖြင့် လုပ်ဆောင်မှုစွမ်းရည် တိုးတက်လျက် အာမခံဈေးကွက် ခိုင်မာပြီး စဉ်ဆက်မပြတ်တိုးတက်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သင်တန်း၊ ဆွေးနွေးပွဲများ၊ တက္ကသိုလ်သင်ရိုးညွှန်းတမ်း၊ ရုပ်မြင်သံကြား အစီအစဉ်တွင် ပညာပေးကဏ္ဍထည့်သွင်းခြင်း ဖြင့် Public awareness ရရှိ လာနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းအာမခံကုမ္ပဏီများသည် နိုင်ငံခြားအာမခံကုမ္ပဏီများ၏ မတည်ရင်းနှီးငွေနှင့် နည်းပညာ အပေါ် ယှဉ်ပြိုင်နိုင်သည့် အနေအထားအဆင်သင့် မရှိသေးခြင်းသည် ပြည်တွင်းအာမခံ ကုမ္ပဏီများ အတွက်ကြီးမားသော စိန်ခေါ်နိုင်မှု တစ်ရပ်ဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

၁၀။ အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ လုပ်ငန်းလိုင်စင်ခွင့်ပြုပေးရာတွင် ကျေးလက်ဒေသသို့ ချေးငွေပြန့်နှံ့ရောက်ရှိနိုင်ရေး ဆောင်ရွက်မှုအပေါ် ဦးစားပေး ခွင့်ပြုပေးခြင်း၊

(ခ) ကြီးကြပ်သူနှင့်လုပ်ငန်းဆောင်ရွက်သူတို့၏ ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများ ပိုမိုရရှိစေမည့် သင်တန်းများ စီမံဆောင်ရွက်ခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကောက်ခံသည့် အတိုးနှုန်းအပေါ် လုပ်ငန်းဆောင်ရွက်မှုအတွက် ကုန်ကျသည့်စရိတ်များအရ အတိုးနှုန်းသတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသင်းသားများ ကြွေးနွံနစ်သည့်အခြေအနေမှ ကာကွယ်နိုင်ရန်လုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများတွင် Client Database များ ပြုစုထားရှိလျက် အဖွဲ့အစည်း တစ်ခုနှင့် တစ်ခုဖြန့်ဝေမှုစနစ်ကျင့်သုံးနိုင်ရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊

(င) မြန်မာ့အာမခံဈေးကွက်အတွင်းသို့ မကြာမီကာလအတွင်း တဆင့်အာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ခြင်း၊

(စ) အသက်အာမခံအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများအား ၁၀၀% လုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပြီး အသက်မှအပ အခြား အာမခံ (အထွေထွေ အာမခံ)ကိုမူ ပူးပေါင်းလုပ်ကိုင် ခွင့်ပြုမည်ဖြစ်ခြင်း။

**နိဂုံး**

၁၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ တာဝန်များကိုထမ်းဆောင်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရေး နိုင်ငံတော်မှချမှတ်ထားသော မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီရေး နှင့် နိုင်ငံတွင်းဒေသအနှံ့ လုပ်ငန်းဆောင်ရွက်နိုင်လျက် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# ပင်စင်ဦးစီးဌာန

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ (၁၂) ချက်ပါ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်အား တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန် နှင့်အညီ နိုင်ငံ့ဝန်ထမ်းများက ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အကျိုးခံစားခွင့်များကို ပင်စင်ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပါသည်။

**လုပ်ငန်းတိုးတက်ဆောင်ရွက်ခဲ့မှုများ**

၂။ ပင်စင်ဦးစီးဌာနသည် မူလအခြေခံဥပဒေများ၊ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီစိစစ်ပြီး ဦးစီးဌာနများမှ အငြိမ်းစားသွားသော ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ ခံစားနိုင်ရေးအတွက် ပင်စင်ငွေပေးမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားသွားသော ဝန်ထမ်းများအတွက် အစီရင်ခံစာများ၊ ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ (၁-၄- ၂၀၁၆) ရက်နေ့ မှ (၃၁-၁၂- ၂၀၁၇) ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှု အခြေနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဦးစီး | ၃၈၈၂၈ |
| (ခ) | လုပ်ငန်း | ၁၄၃၅၄ |
| (ဂ) | နိုင်ငံရေး | ၂၈၀၁ |
| | **စုစုပေါင်း** | **၅၅၉၈၃** |

၄။ လျှော့ပေါ့ပင်စင် ခံစားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ယခင်က ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းလာခြင်းအပေါ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့၏ သဘောထားမှတ်ချက်ရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများသို့ ခွင့်ပြုကြောင်း ပြန်လည်ပေးပို့ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ ပင်စင်အမှုတွဲပေးပို့လာပါက လက်ခံဆောင်ရွက်ပေးခဲ့ခြင်းမှ သက်ဆိုင်ရာ ဦးစီးဌာန ၊ လုပ်ငန်း

အဖွဲ့အစည်းသည် ပင်စင်ဦးစီးဌာနသို့ သဘောထားမှတ်ချက်ရယူပြီး ၎င်းသဘောထား မှတ်ချက်နှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြ၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပင်စင်ဦးစီးဌာန သို့ ပင်စင်အမှုတွဲ ပေးပို့ဆောင်ရွက်ရေး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ အထူးပင်စင် ခံစားခွင့်ပြုခြင်းနှင့်ပတ်သက်၍ ယခင်ကဦးစီးဌာန ၊ လုပ်ငန်းအဖွဲ့အစည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းသဘောထားမှတ်ချက်တောင်းခံဆောင်ရွက်ပေးလျက်ရှိရာမှ ယခုအခါ ဦးစီးဌာန ၊ လုပ်ငန်းအဖွဲ့အစည်းများ သည် ပင်စင်ဦးစီးဌာန သို့ သဘောထားမှတ်ချက် တိုက်ရိုက်ရယူ၍ သက်ဆိုင်ရာမိခင် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်နှင့်အတူ ပင်စင်ဦးစီးဌာနသို့ ပင်စင်အမှုတွဲပေးပို့ဆောင်ရွက်နိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

၆။ ကွယ်လွန်သွားသည့် အငြိမ်းစားများအတွက် ထုတ်ပေးရန်ကျန်ရှိသော ပင်စင်လစာငွေနှင့်ပတ်သက်၍ ယခင်က မြန်မာ့စီးပွားရေးဘဏ်မှတဆင့် ပင်စင်ဦးစီးဌာနသို့ လျှောက်ထားရာတွင် လစာကျန်ငွေ ပမာဏ ကျပ် ၂၅၀၀၀၀/- နှင့်အထက်အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရာမှ ယခုအခါ ငွေပမာဏ ကျပ် ၁၀ သိန်းအထိအား ပင်စင်ဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်ပေးပြီး ကျပ် ၁၀ သိန်းအထက် ကျော်လွန်သည့် ကိစ္စရပ်များကိုသာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူရေးကို ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ပါသည်။




မန္တလေးမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) တွင် အငြိမ်းစားလစာ (ပင်စင်) လာရောက်ထုတ်ယူနေသည့် အငြိမ်းစားများအား သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ၊ အကြံပြုချက်များ တောင်းခံခြင်း

**တိုးတက်ဆောင်ရွက်ခဲ့မှု၏အကျိုးရလာဒ်များ**

၇။ အငြိမ်းစားယူခွင့်ပြုသည့် အမိန့်စာထုတ်ပြန်သည့် နေ့ရက်မှတစ်လအတွင်း ပင်စင်လစာငွေ ခံစားခွင့်ရရှိရေးအတွက် ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများရှိ ပင်စင်အမှုတွဲ ပြင်ဆင်ပြုစုရသောဝန်ထမ်းများအား ပင်စင်အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် အငြိမ်းစားယူသည့် ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၈။ လျှော့ပေါ့ပင်စင် ခံစားခွင့်ပြုရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန သို့ သဘောထားမှတ်ချက် တောင်းခံရခြင်းကို ဖြေလျှော့ပေးခဲ့သဖြင့် လျှော့ပေါ့ပင်စင်ခံစားမည့် အငြိမ်းစားများအတွက် အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၉။ အထူးပင်စင် ခံစားခွင့်နှင့်ပတ်သက်၍ ခံစားခွင့်ပြုရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန သို့ သဘောထားမှတ်ချက်တောင်းခံရခြင်းမရှိဘဲ ပင်စင်ဦးစီးဌာနသို့ တိုက်ရိုက်သဘောထား မှတ်ချက်တောင်းယူရခြင်းဖြစ်ပါသဖြင့် အထူးပင်စင်ခံစားမည့် ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ အမြန်ဆုံး ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၀။ ကွယ်လွန်သည့်အငြိမ်းစားများ၏ ပင်စင်လစာကျန်ငွေပမာဏ ကျပ် ၁၀ သိန်း အထိကို ပင်စင်ဦးစီးဌာနမှ ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ပါသဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ခွင့်ပြုမိန့် တောင်းခံရခြင်းမရှိဘဲ ပင်စင်လစာကျန် ငွေပမာဏ နည်းသူများကို အချိန်တိုအတွင်းမြန်မြန်ဆန်ဆန် ထုတ်ယူခွင့် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများ / စိန်ခေါ်မှုများ**

၁၁။ အစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပင်စင်စားအင်အား တိုးတက်လာခြင်း ၊ မျှော်မှန်းသက်တမ်း ပိုမိုတိုးတက်လာ ခြင်းနှင့် လစာနှုန်းထားများ တိုးတက်ပြောင်းလဲလာခြင်းကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲလာရခြင်း ။

( ခ ) ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲရခြင်းကြောင့် နိုင်ငံတော်ဘတ်ဂျက်တွင် ပင်စင်အသုံးစရိတ်သည် ဝန်ထုပ်ဝန်ပိုး ဖြစ်လာခြင်း။

( ဂ ) အဆိုပါ အားနည်းချက်များကြောင့် လက်ရှိ ပင်စင်အကျိုးခံစားခွင့်အား နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကျခံသည့်စနစ်မှ ပင်စင်ရန်ပုံငွေထူထောင်ပြီး ကျခံသုံးစွဲမည့် စနစ်သို့ ပြောင်းလဲကျင့်သုံးရန် ပင်စင်စနစ် ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ခြင်း။

## အခက်အခဲစိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ

၁၂။ မြန်မာနိုင်ငံလက်ရှိပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံသည့် စနစ် ဖြစ်ပြီး ပင်စင်စားအင်အားတိုးတက်လာခြင်း၊ မြန်မာလူမျိုးတို့၏ မျှော်မှန်းသက်တမ်း ပိုမိုတိုးတက်လာခြင်း တို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲရသဖြင့် နိုင်ငံတော်ဘတ်ဂျက်၏ ဝန်ထုပ်ဝန်ပိုး လျော့ကျစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် နိုင်ငံ့ဝန်ထမ်း ပင်စင်စနစ်ကို နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ရန်ပုံငွေကိုအခြေခံ၍ ခံစားခွင့်ပြုသည့် (Funded Defined Contribution System ) စနစ် သို့ ပြောင်းလဲဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ ပင်စင် ကျွမ်းကျင်သူများနှင့် ၂၀၁၃ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) **ပင်စင်စနစ် ပြုပြင်ပြောင်းလဲမှုကို လက်ရှိမူဘောင်အတွင်း ပြောင်းလဲမှု (Parametric Reforms)**

(၁) ကာလတို ပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ လက်ရှိဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ပင်စင်စနစ်ကို ပိုမိုခိုင်မာတောင့်တင်း တိုးတက်စေရန်အတွက် အောက်ပါတို့ကိုဆောင်ရွက်ရမည်ဖြစ်ပါသည်-

(ကက) လက်ရှိကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေ ၊ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများကို သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ရန် ဆောက်ရွက်ခြင်း။

(ခခ) ပင်စင်စီမံခန့်ခွဲရေးစနစ် မှ မှတ်တမ်းထိန်းသိမ်းခြင်းစနစ်အား သတင်းအချက်အလက်နှင့် နည်းပညာ (ICT) ဖြင့် ထိန်းသိမ်းရေး ဆောင်ရွက်ခြင်း။

(ဂဂ ) ပင်စင်အကျိုးခံစားခွင့်ပြုသည့် လုပ်ငန်းအား စာရွက်စာတမ်းကို အခြေခံသည့်စနစ်မှ သတင်းအချက်အလက်နှင့် နည်းပညာ (ICT) ကို အခြေခံ၍ တွက်ချက် ခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း။

( ခ ) **စနစ်တစ်ခုလုံးပြောင်းလဲမှု (Systemic Reforms)**

စနစ်တစ်ခုလုံးကို ပြောင်းလဲခြင်းသည် ပင်စင်စနစ်၏ အခြေခံတည်ဆောက် ပုံစံ တစ်ခုလုံးအား ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါသည်။ လက်ရှိ ဆောင်ရွက်သည့် သတ်မှတ် အကျိုးခံစားခွင့်စနစ် (Defined Benefit System) မှ သတ်မှတ် ထည့်ဝင်ကြေး ထည့်ဝင်သည့်စနစ် (Defined Contribution System) သို့ တစ်စိတ် တစ်ပိုင်းသော်လည်းကောင်း၊ စနစ်တစ်ခုလုံးကို သော်လည်းကောင်း ပြောင်းလဲကျင့်သုံး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

၁၃။ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်း အချက်အလက် စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း။** သတင်းအချက်အလက်များနှင့် ဝန်ထမ်းများဆိုင်ရာ အချက်အလက်များအား Website ၌ လွှင့်တင်၍ ပင်စင်နှင့် ပတ်သက်သည့် ဝန်ဆောင်မှုများဆောင် ရွက်ပေးမည်ဖြစ်ပါသည်။

(ခ) ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပြီးစီးမှုအခြေနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ပင်စင်စနစ် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အသေးစိတ်အစီရင်ခံစာများ ရေးဆွဲခြင်း၊ လုပ်ငန်းအ ကောင်အထည်ဖော်ခြင်းများအတွက် လိုအပ်သည့် အကြံဉာဏ်များ ရရှိစေရန် ပင်စင်စနစ် စီမံခန့်ခွဲရေးနည်းပညာ အကြံပေးပုဂ္ဂိုလ်ရယူရေး ညှိနှိုင်း ဆောင်ရွက်ခြင်း။

(၂) မှတ်တမ်းထိန်းသိမ်းမှု ပင်စင်ဆိုင်ရာလုပ်ငန်းစဉ်များ စီမံခန့်ခွဲမှု သတင်းအချက်အလက်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် Management Infor - mation System သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် တည်ဆောက်ရေးအတွက် Server ပြုလုပ်ခြင်း။

(၃) လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားလာရေးအတွက် ဝန်ထမ်းများ အရည်အသွေး မြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း။

(၄) အဆိုပါ လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် စရိတ်များအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ငွေစာရင်းတွင် အသုံးစရိတ်လျာထားရေးဆွဲ တင်ပြခြင်း။

## နိဂုံး

၁၄။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူကြသည့်အခါ အကျိုးခံစားခွင့်များ လျင်မြန်စွာ ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ပင်စင်ဦးစီးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်အတွက် အငြိမ်းစားယူသည့် ဝန်ထမ်းများအနေဖြင့် မိမိနေထိုင်ရာဒေသများတွင်ပင် အကျိုးခံစားခွင့်များ မြန်မြန်ဆန်ဆန်နှင့် ထုတ်ယူခွင့်ရရှိနေပြီ ဖြစ်ပါသည်။ ပြီးပြည့်စုံသည့် အမှုတွဲများကို လက်ခံရရှိသည့်နေ့မှ (၅) ရက်အတွင်း အပြီးဆောင်ရွက်ပေးလျက်ရှိပါသည်။ အမှုတွဲများ ပြည့်စုံမှန်ကန်စွာ ရောက်ရှိလာရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

# အခွန်အယူခံခုံအဖွဲ့ရုံး

## နိဒါန်း

၁။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပဝင်လျက်ရှိပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများနှင့် ရည်မှန်းချက်များ အောင်မြင်စေရန် ဘဏ္ဍာရေးမူဝါများနှင့် ငွေကြေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခွန်အယူခံခုံအဖွဲ့အနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်စည်းကြပ်မှုများ၊ အကောက်ခွန်ဦးစီးဌာနမှ ကုန်ပစ္စည်းများနှင့် ယာဉ်များအား ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ ဒဏ်ငွေတပ်ရိုက်ခြင်းများကို ကျေနပ်မှုမရှိသည့် အခွန်ထမ်းပြည်သူများ၊ ကုန်ပစ္စည်းပိုင်ရှင်များနှင့် ယာဉ်ပိုင်ရှင်များ စသည့် တစ်ဦးချင်းပုဂ္ဂိုလ်တို့မှ အခွန်ကောက်ဆိုင်ရာဥပဒေများအရ လျှောက်ထားလာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစသည်တို့တွင် ပြဋ္ဌာန်းထားရှိချက်များနှင့်အညီ အခွန်ထမ်းတိုင်း တရားမျှတမှု နှင့် တန်းတူညီမျှမှု ခံစားခွင့်ရှိစေရန်၊ မှန်မှန်ကန်ကန် ကြားနာစီရင် ဆုံးဖြတ်ပေးလျက်ရှိသော အဖွဲ့ဖြစ်ပါသည်။

## လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုများ

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ခေတ်ကာလနှင့်လျော်ညီမှု မရှိသော ဥပဒေများအား ပယ်ဖျက် ပြင်ဆင် အသစ်ပြန်လည်ရေးဆွဲ၍ ပြဋ္ဌာန်းလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၉၆ ဇယား၁ ပြည်ထောင်စုဥပဒေပြုစာရင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အခွန်အယူခံခြင်းဟု ထည့်သွင်းပြဋ္ဌာန်းထားပါသဖြင့် အခွန်အကောက်ဆိုင်ရာမှုခင်းများ စစ်ဆေးဆောင်ရွက်ရန် ဥပဒေတစ်ခုရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေအား ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဌာနရှိ ညွှန်ကြားရေးမှူး တစ်ဦးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် ဥပဒေဘွဲ့ရ ဝန်ထမ်းများဖြင့် ဥပဒေမူကြမ်း ရေးဆွဲရေး အဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ အဆိုပါ ဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့သည် စင်္ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သြစတြေးလျနိုင်ငံတို့မှ အခွန်ဥပဒေများ၊ ဆက်စပ်သက်ဆိုင်သည့် ပြည်တွင်းမှ ဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို လေ့လာသုံးသပ်ခြင်းဖြင့်လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်ရေးဌာနခွဲမှ ဥပဒေအရာရှိများ၏ အကြံဉာဏ်များရယူ၍လည်းကောင်း အခွန်အယူခံခုံအဖွဲ့ဥပဒေ (မူကြမ်း) အား ရေးဆွဲခဲ့ပြီးပြည်ထောင်စုဝန်ကြီးရုံး ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၊ ပြည်ထောင်စု လွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်

သုံးသပ်ရေးကော်မရှင်သို့ တင်ပြ၍ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်။

၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၈-၇-၁၉၈၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၁၉၈၉ ဖြင့် ဖွဲ့စည်းထားသည့် အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းမှုတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အရာထမ်းတစ်ဦး အဖွဲ့ဝင်အဖြစ် ပါဝင် နေခြင်းမှာ ISSAI-1 Lima Declaration ပါ လွတ်လပ်မှုစည်းမျဉ်းနှင့် ညီညွတ်မှုမရှိပါကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး မှအကြောင်းကြားလာပါကြောင်း၊ ထို့အပြင် အခွန်အယူခံခုံအဖွဲ့နှင့်ပ တ်သက်၍ နောက်ဆုံးထုတ်ပြန် ခဲ့သော အမိန့်ကြော်ငြာစာသည် လွန်ခဲ့သော ၂၇ နှစ်ခန့်က ထုတ်ပြန်ခဲ့ သော အမိန့်ကြော်ငြာစာဖြစ်ပြီး ထိုကာလအတွင်း အဆိုပါ အမိန့်ကြော်ငြာ စာဖြင့် အခွန်အယူခံခုံ အဖွဲ့သို့အပ်နှင်းထားသည့် တာဝန် ဝတ္တရားနှင့် လုပ်ပိုင်ခွင့်များအနက် ရုပ်သိမ်းသည့်ဥပဒေများ၊ လွှဲပြောင်းပေးခဲ့ရသည်များနှင့် အသစ် ထပ်မံပြဋ္ဌာန်းသည့် ဥပဒေများတွင် အခွန်အယူခံခုံအဖွဲ့သို့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ထည့်သွင်း ပြဋ္ဌာန်းထားသည့်အတွက် အမိန့်ကြော်ငြာစာအမှတ် ၆/၁၉၈၉ သည် လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေမှု မရှိတော့ကြောင်း တွေ့ရှိရသဖြင့် အခွန်အယူခံခုံအဖွဲ့ ဥပဒေပြဋ္ဌာန်းခြင်း မပြုနိုင်မီကာလအတွင်း အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းများအားစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် အဆိုပါ အမိန့်ကြော်ငြာ စာအမှတ် (၆/၁၉၈၉) အား ပြင်ဆင်ထုတ်ပြန်ရန် လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် ပြည်ထောင်စု ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ (၃၁-၅-၂၀၁၇ ) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့် (၂၈-၇-၁၉၈၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၁၉၈၉ အရ ဖွဲ့စည်းထားသော အခွန်အယူခံခုံ အဖွဲ့ကို ဖျက်သိမ်း၍ အခွန်အယူခံခုံအဖွဲ့အား ပြင်ဆင် ဖွဲ့စည်းခဲ့ပြီး အခွန်အယူခံခုံအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်း သတ်မှတ်ခဲ့ပါသည်။

၄။ အစီရင်ခံသည့် (၁-၄-၂၀၁၆) ရက်နေ့မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အထိ ကာလအတွင်း အခွန် အယူခံခုံ အဖွဲ့သို့ အကောက်ခွန်အယူခံမှု (၁၉၉) မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု (၃၅) မှု နှင့် တံဆိပ်ခေါင်း ခွန်ပြင်ဆင်မှု (၁) မှု စုစုပေါင်း (၂၃၅) မှု တင်သွင်းလျှောက်ထားခဲ့ပြီး အဆိုပါ အမှုများ အနက်မှ အကောက်ခွန်အယူခံမှု (၁၈၀) မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု (၂၃)မှု၊ စုစုပေါင်း (၂၀၃) မှုအား ကြားနာစစ်ဆေး စီရင်ဆုံးဖြတ် ပြီးစီးခဲ့ပါသည်။

**တိုးတက်ဆောင်ရွက်ချက်များ၏အကျိုးရလဒ်များ(နိုင်ငံတော်/ပြည်သူ/ဝန်ကြီးဌာနအတွက်)**

၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက လက်ရှိ ကြားနာစစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခွန်အကောက်ဆိုင်ရာ အမှုများအပြင် ပြည်ထဲရေးဝန်ကြီး

ဌာနမှ ကောက်ခံလျက်ရှိသည့်အခွန်အကောက်ဆိုင်ရာအမှုများ၊ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်ဆိုင်ရာအမှုများ ၊ ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်ဆိုင်ရာအမှုများ ၊ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက် ဆိုင်ရာအမှုများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှကောက်ခံလျက်ရှိသည့် အခွန်အကောက်ဆိုင်ရာ အမှုများ ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်ဆိုင်ရာအမှုများ ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်ဆိုင်ရာ အမှုများ အား နိုင်ငံတော်နှင့်အခွန်ထမ်းပြည်သူများအတွက် လက်ခံကြားနာ စစ်ဆေးအဆုံးအဖြတ်ပြုပေးနိုင်မည် ဖြစ်ပါသည်။

**ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ/စိန်ခေါ်မှုများ**

၆။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် တင်သွင်းလျှောက်ထားလာသည့် အမှုများ ကြားနာစစ်ဆေးရာ တွင်လိုအပ်သည့် အဆိုလွှာ/ချေလွှာများ ၊ မူလအမှုတွဲများ အားသက်ဆိုင်ရာ ဌာနများနှင့် အယူခံ တရားလို တို့မှ ပေးပို့တင်ပြမှုနှောင့်နှေးကြန့်ကြာမှုများရှိသဖြင့် အမှုများပြီးပြတ်အောင် စီရင်ဆုံးဖြတ် ရာတွင် အခက်အခဲများရှိသလို၊ အခွန်အယူခံခုံအဖွဲ့ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကိစ္စအား ဆောင်ရွက် ရာတွင် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရခြင်း ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်ရခြင်း စသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိခဲ့ပါသည်။

**အခက်အခဲစိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ**

၇။ အဆိုပါအခက်အခဲများအား ဌာနအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း ဖြင့် ဖြေရှင်းနိုင်ပါကြောင်းသုံးသပ်တင်ပြအပ်ပါသည်။

**ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၈။ အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားလာမည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၇ ဖြင့် ပေးအပ်ထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်များအပြင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ကြားနာစစ်ဆေး ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ (မူကြမ်း) အား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်

များဖြင့် ဆွေးနွေးညှိနှိုင်းလျက် ရှိပါသည်။

၁၀။ အဆိုပါ အခွန်အယူခံခုံအဖွဲ့ဥပဒေ (မူကြမ်း) အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ဥပဒေပါ ရည်ရွယ်ချက်များဖြစ်သည့် သီးခြားလွတ်လပ်သော အခွန်အယူခံခုံအဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်း၍ အစိုးရအဖွဲ့အစည်း အသီးသီးက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အကောက် အမျိုးမျိုးနှင့် စပ်လျဉ်းသည့် အမှုများကို လွှမ်းခြုံကြားနာ စစ်ဆေးဆောင်ရွက်ရန်၊ နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ် ကောက်ခံရာတွင် စွမ်းဆောင်ရည် မြင့်မားသော အခွန်စီမံခန့်ခွဲမှု ဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိရန်၊ နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိရန်၊ နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရန် ဟူသည့် ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ဆိုင်ရာအမှုများကို ကြားနာစစ်ဆေး ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။

၁၁။ အစီရင်ခံသည့်ကာလအတွင်း အကောက်ခွန် အယူခံမှု (၁၉၉) မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု (၃၅) မှု နှင့် တံဆိပ်ခေါင်းခွန်ပြင်ဆင်မှု (၁) မှု ၊ စုစုပေါင်း (၂၃၅) မှု လက်ခံရရှိခဲ့ပြီး စီရင်ဆုံးဖြတ်ရန် အကောက်ခွန်အယူခံမှု (၄၀) မှု၊ အကောက်ခွန်ပြန်လည်သုံးသပ်မှု (၁၈) မှု၊ တံဆိပ်ခေါင်းခွန်ပြင်ဆင်မှု (၁) မှု၊ စုစုပေါင်း (၅၉) မှု စီရင်ဆုံးဖြတ်ရန် ကျန်ရှိပါသည်။ ကျန်ရှိသည့် အမှုများအပြင် ထပ်မံတင်သွင်းလာသော အမှုများကို ဆက်လက်ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။

**နိဂုံး**

၁၂။ အခွန်အယူခံခုံအဖွဲ့ရုံးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရလည်းကောင်း၊ (၁-၄-၂၀၁၆) ရက်နေ့မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အထိကာလအတွင်း မူဝါဒများချမှတ်၍ အခွန်အယူခံခုံအဖွဲ့ရုံး၏ တာဝန်ဝတ္တရားများအား စနစ်တကျမှန်ကန်တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး

## နိဒါန်း

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သော ကာလရှည် ငွေကြေးအရင်းအနှီးများကို စုစည်းရယူနိုင်သည့်အရင်းအနှီးဈေးကွက်(Capital Markets) သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ဈေးကွက် (Securities Markets) စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် ငွေချေးသက်သေခံလက်မှတ် များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို (၃၁-၇-၂၀၁၃) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ "ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် " (SECM)ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ (၁၉-၈-၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးကို (၁၄-၁၁-၂၀၁၄) ရက်နေ့တွင် လည်းကောင်းစတင် ဖွဲ့စည်းခဲ့ပါသည်။

## လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်ခဲ့မှုများ

၂။ အထက်ဖော်ပြပါ ကာလအတွင်းလုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်ခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) (၂၇-၄-၂၀၁၅) ရက်နေ့တွင်ရန်ကုန်စတော့အိပ်ချိန်းသို့လုပ်ငန်းဆောင်ရွက်ခွင့်ပါမစ် ထုတ်ပေးခဲ့ပြီးရန်ကုန်စတော့အိတ်ချိန်းကို(၉-၁၂-၂၀၁၅)နေ့တွင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ခ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ များဖြစ်သော (KBZ Stirling Coleman Securities Co.,Ltd (KBZSC)၊ Myamar Securities Exchange Centre Co., Ltd (MSEC)၊ AYA trust Securities Co.,Ltd (AYAtrust) ၊ CB Securities Limited (CBSC) နှင့် KTz Ruby Hill Securities Co.,Ltd၊ Amara Investment Securities Co.,Ltd (AIS) တို့အား ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း (Underwriting) လုပ်ငန်းလိုင်စင် ခွင့်ပြု ထုတ်ပေးနိုင်ခဲ့ပါသည်။

(ဂ) အများနှင့်သက်ဆိုင်သော ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် (FMI)၊ မြန်မာ သီလဝါ အထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းလီမိတက် (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ်(FPB)၊TMH Telecom Co.,Ltd တို့သည် ရန်ကုန် စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများဖြစ်လာကြပြီး အစုရှယ်ယာများကို အရောင်း အဝယ် ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါသည်။

(ဃ) ရန်ကုန်စတော့အိပ်ချိန်း၏ Guidelines for Online Trading နှင့်ကိုက်ညီမှုရှိသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ Online Trading နှင့် အရောင်းအဝယ် ဆောင်ရွက် ခွင့်ပြုနိုင်ခဲ့ပါသည်။

(င) မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းစံများ နှင့် အလေ့အထများအား ကောင်းခိုင်မာစေရန် ရည်ရွယ်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM)နှင့် International Finance Corporation (IFC) တို့အကြား မြန်မာနိုင်ငံရှိကုမ္ပဏီများကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အကျင့် ကောင်းများရရှိလာစေရန် နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

(စ) မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် နှင့် ထိုင်းနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်တို့အကြားဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆို င်ရာသတင်းအချက်အလက်များဖလှယ်ခြင်း၊ ထိုင်းနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေ ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် သင်တန်းများ ပို့ချပေး ခြင်း စသည့် အခွင့်အလမ်းများ ရရှိစေရန်အတွက် နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ပါသည်။

**တိုးတက်ဆောင်ရွက်ချက်များ၏အကျိုးရလဒ်များ(နိုင်ငံတော်/ပြည်သူ/ဝန်ကြီးဌာနအတွက်)**

၃။ တိုးတက်ဆောင်ရွက်ချက်များ၏ အကျိုးရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရန်ကုန် စတော့အိပ်ချိန်းတွင် ကုမ္ပဏီများစာရင်းဝင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်း ကြီးများ၏ရင်းနှီးငွေအတွက် နိုင်ငံတော်မှဝန်ထုပ်ဝန်ပိုး လျော့ချနိုင်ခြင်း၊ ပြည်သူများ၏ စုဆောင်းမှုကို ရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲပေးနိုင်သည့်အတွက် ကာလရှည်တွင် ငွေဖောင်းပွမှု လျှော့ချပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ရငွေပိုမိုတိုးတက်ရရှိ နိုင်ခြင်း၊ စာရင်းဝင် ကုမ္ပဏီများ တိုးပွားလာခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများကို ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံ နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းပိုမိုရရှိနိုင်ခြင်းနှင့် မိမိစိတ်ကြိုက် ရွေးချယ်ဝယ်ယူ ရင်းနှီးခွင့်ရရှိနိုင်ခြင်း၊ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ငွေဖြစ် လွယ်မှုရှိခြင်းတို့ကြောင့် အရင်းအနှီးများကို ရန်ကုန်စတော့အိပ်ချိန်းမှတစ်ဆင့် အချိန်တို အတွင်းလွယ်ကူလျင်မြန်စွာ ရှာဖွေရယူနိုင်ခြင်း၊

(ခ) Online Trading နှင့် ရောင်းဝယ်ဆောင်ရွက်ခွင့် ခွင့်ပြုခဲ့သဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် အစုရှယ်ယာရောင်းဝယ်မှုများ သွက်လက်မြန်ဆန်လာစေပြီး အများပြည်သူများအနေဖြင့် အစုရှယ်ယာရောင်းဝယ်မှုကို Mobile Phone မှတစ်ဆင့် အမှာစာတင်သွင်းခွင့်ရရှိနိုင်ခြင်း၊

(ဂ) International Finance Corporation (IFC) နှင် MoU လက်မှတ်ရေးထိုးခြင်းဖြင့် ကုမ္ပဏီများတွင် Corporate Governance အလေ့အကျင့်ကောင်းများရရှိလာနိုင်ခြင်းအပြင် မြန်မာကုမ္ပဏီများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်စိတ်ချမှုတိုးလာစေခြင်း၊

(ဃ) Securities Exchange Commission of Thailand (SECT) နှင့် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းကြောင့် နည်းပညာ အထောက်အပံ့များရရှိပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာ အထောက်အကူဖြစ်လာနိုင်ခြင်း၊

**ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများ / စိန်ခေါ်မှုများ**

၄။ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများ / စိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရန်ကုန်စတော့အိပ်ချိန်းတွင် ရင်းနှီးမြှုပ်နှံသူများသည် ကာလတိုအမြတ်ရရှိရေးကိုသာရှေ့ရှုပြီး ကာလရှည်ရင်းနှီးလိုမှု မရှိခြင်း ၊ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ နည်းပါးနေသေးခြင်း၊ စိတ်ဝင်စားသည့် စာရင်းဝင်ကုမ္ပဏီများ နည်းပါးနေခြင်း ၊ မိသားစုပိုင်ကုမ္ပဏီများ များနေခြင်း၊ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများသည် အများပိုင်ကုမ္ပဏီအဖြစ် အသွင်ကူးပြောင်းရန်လိုအပ်ခြင်း၊ Corporate စီမံအုပ်ချုပ်မှု အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရန်လိုအပ်ခြင်း၊ ကုမ္ပဏီကြီးများအနေဖြင့် စာရင်းဝင်ရန်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ လက်ရှိ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်တွင် အများပြည်သူများသည် အရင်းအနှီးဈေးကွက်ဆိုင်ရာ အခြေခံအသိပညာဗဟုသုတများနည်းပါးနေခြင်း စသည်တို့ကြောင့် ဈေးကွက်သည် သွက်လက်မှုမရှိခြင်း၊

(ခ) Online Trading ဖြင့်အမှာစာတင်သွင်းနိုင်ခြင်းကိုပြည်သူများ အတွေ့အကြုံ နည်းပါးနေခြင်း၊

**အခက်အခဲစိန်ခေါ်မှုများနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များ**

၅။ အခက်အခဲစိန်ခေါ်မှုများနှင့် ပတ်သက်၍ သုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) Online ဖြင့် အမှာစာတင်သွင်းခြင်းကို ပြည်သူများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရေးအတွက် အသိပညာပေးမှု အရှိန်မြှင့်၍ဆောင်ရွက်ရန်လိုအပ်နေခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတော့ရှယ်ယာရောင်းဝယ်မှုကို ကာလတိုအမြတ်ရရှိရေးကိုသာ အလေးထားဆောင်ရွက်ခြင်းအစား ရေရှည်ရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးကျေးဇူးများကို သိရှိနားလည်လာစေရန် ဆောင်ရွက်ရန်လိုအပ်ခြင်း ၊

(ဂ) အမြတ်ရရှိသော ကုမ္ပဏီကြီးများအား စာရင်းဝင်လာစေရေးအတွက် ကုမ္ပဏီကြီးများသို့ စာရင်းဝင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားခြင်း ၊ စာရင်းဝင်ရန် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များအား ရှင်းလင်းစွာသိရှိစေခြင်း ၊

**ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၆။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်တွင်းအစိုးရငွေတိုက်စာချုပ် ဆင့်ပွားဈေးကွက်အတွက် လိုအပ်သော ညွှန်ကြားချက် ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် ၊

(ခ) ရင်းနှီးမြှုပ်နှံမှု အကြံပေးလုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရေးဆောင်ရွက်ရန်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီများအား စစ်ဆေးရန်၊

(ဃ) International Finance Corporation (IFC) နှင့် လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရလက်ရှိကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေအနေများကို ဆန်းစစ်၍ အစီရင်ခံစာထုတ်ပြန်ရန်၊

(င) မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေသစ်အရ နိုင်ငံခြားသားများ အရင်းအနှီးဈေးကွက်တွင် ပါဝင်လာပါ က အဆင်ပြေစေရန် ကော်မရှင်အနေဖြင့် ရန်ကုန် စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(စ) ဂျပန်နိုင်ငံ၏ပံ့ပိုးမည့် အကူအညီဆိုင်ရာ အဆိုပြုချက်အသစ်အရ ရန်ကုန်စတော့အိပ်ချိန်းအောက်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများဖြင့် အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ စာရင်းဝင်ကုမ္ပဏီများ တိုးလာစေရေးကူညီပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူများ တိုးလာစေရေးတိုးမြှင့်ဆောင်ရွက်ရန် ၊

(ဆ) ကိုရီးယားနိုင်ငံ KDI မှ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building အကူအညီပေးနိုင်ရန် သတင်းအချက်အလက်များ ကောက်ယူသုတေသနပြုလုပ်၍ မူဝါဒဆိုင်ရာအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

**နိဂုံး**

၇။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် မျှတ၍ ပွင့်လင်းမြင်သာသော အရင်းအနှီးဈေးကွက် ပီပြင်စွာပေါ်ပေါက်လာစေရန်၊ အများပိုင်ကုမ္ပဏီများ လိုအပ်သော အရင်းအနှီးများ အလွယ်တကူ စုစည်းရယူနိုင်သည့် ဈေးကွက်ဖြစ်လာစေရန်၊ အများပြည်သူများ အလုပ်

အကိုင် အခွင့်အလမ်းပေါ်များလာစေရန်၊ ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာစေရန် ရင်းနှီးမြှုပ်နှံသူများအား နစ်နာဆုံးရှုံးမှု မရှိစေရန် ကြိုးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို အတည်ပြုပြဌာန်းပြီးဖြစ်ရာ ရန်ကုန်စတော့အိပ်ချိန်း၌ ရောင်းချသော အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူခွင့်ရရှိတော့မည်ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်အာဆီယံနိုင်ငံအသီးသီးမှ ကော်မရှင်များနှင့်ချိတ်ဆက်၍ အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နည်းပညာအကူအညီများ အတွေ့အကြုံများကို ရယူလျက် မိမိ ဈေးကွက် နှင့် လိုက်လျောညီထွေဖြစ်မည့် လုပ်ငန်းစဉ်များချမှတ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ဌာနအကြီးအကဲများ၏ ဓာတ်ပုံများ နှင့် ဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးမောင်မောင်တင့် |
| (ခ) | ပညာအရည်အချင်း | - | B.A (Eco) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၆-၉-၂၀၁၃ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | ခြံအမှတ် (၅၅၈/A)၊ဇေယျာသိဒ္ဓိရပ်ကွက်၊နေပြည်တော် |




ရှေ့တန်း **(ဝဲမှယာ)** ဦးငွေအောင် (ဒုညွှန်ချုပ်)၊ ဦးမောင်မောင်တင့် (ညွှန်ချုပ်)၊ ဦးထန်ဒိုးကျင့် (ဒုညွှန်ချုပ်)

နောက်တန်း **(ဝဲမှယာ)** ဦးကျင်ငွေ (ညွှန်မှူး)၊ ဦးကံရှိန် (ညွှန်မှူး)၊ ဦးလှအောင်(ညွှန်မှူး)၊ ဒေါ်မြမြအေး(ညွှန်မှူး)၊ဒေါ်ညွန့်ညွန့်ရွှေ(ညွှန်မှူး)၊ဦးကို(ညွှန်မှူး)၊ ဦးသန်းထွန်းအောင် (ညွှန်မှူး)




မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာစိစစ်ချက် အလုပ်ရုံဆွေးနွေးပွဲ




မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာစိစစ်ချက်



| | | | |
|---|---|---|---|
| (က) | အမည် | - | ဒေါ်သွေးသွေးချစ် |
| (ခ) | ပညာအရည်အချင်း | - | B.A (IR) Hons,HGP,DA,DES,MA(DevelopmentEconomic andFinance)(Japan)) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန် ထမ်းဆောင်သည့်နေ့ | - | ၂၁ - ၃ - ၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | ၅၀၅ (B)၊ဇေယျာသိဒ္ဓိရပ်ကွက်၊နေပြည်တော် |



**(ဝဲမှယာ)** ဒေါ်ခင်နွဲ့ရီ (ညွှန်မှူး)၊ ဒေါ်သွေးသွေးချစ်(ညွှန်ချုပ်)၊ ဒေါ်နီနီလွင်(ညွှန်မှူး)




JICA မှအကြံပေးဖြစ်သူ Mr.Hideyuki MARUOKA နှင့် Project Evaluation အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ODK (Open Data Kit) Software ကို လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေစောင့်ကြည့်ကြီးကြပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည့်ဝန်ကြီးဌာနများအောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးပွဲ



| | | | |
|---|---|---|---|
| (က) | အမည် | - | ဒေါက်တာဝါဝါမောင် |
| (ခ) | ပညာအရည်အချင်း | - | B.Econ (Eco) (Hons:) ၊ M.Econ (Eco) (International Trade & Development)၊ DBA၊ DIBL |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ဗဟိုစာရင်းအင်းအဖွဲ့ |
| (င) | လက်ရှိနေရာတွင်တာဝန် ထမ်းဆောင်သည့်နေ့ | - | ၈ - ၁ - ၂၀၁၆ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အခန်း(၁၂)၊တိုက်(၂၉၁)၊ ရန်ကုန်မြို့။ |



**(ဝဲမှယာ)** ဒေါ်ခင်မို့မို့ (ညွှန်မှူး)၊ ဦးကျော်ဆန်းဦး(ညွှန်မှူး)၊ ဦးသန်းဇော်(ဒုညွှန်ချုပ်)၊ ဒေါက်တာဝါဝါမောင် (ညွှန်ချုပ်) ၊ ဒေါ်ခင်ဆွေလတ် (ညွှန်မှူး)၊ ဒေါ်ချိုချိုမြင့် (ညွှန်မှူး)၊ ဒေါ်ညိမ်းညိမ်းဇော် (ညွှန်မှူး)




(၁၃.၅.၂၀၁၆) ရက်နေ့ သောကြာနေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် ရုံးအမှတ်(၁) နေပြည်တော်အစည်းအဝေးခန်းမ၌စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ (၁/၂၀၁၆) အစည်းအဝေးကျင်းပခြင်း



ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ကျွန်းမီးကျေးရွာ၌ ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်) မှ သဘာဝဘေးအန္တရာယ် ဆိုင်ရာစစ်တမ်း (၂၀၁၇) ကောက်ယူခြင်း



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးဟန်ဝင်းအောင် |
| (ခ) | ပညာအရည်အချင်း | - | ဝါဏိဇ္ဇဘွဲ့ (B.Com) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၈-၁-၂၀၁၆ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ် (C/503/A)၊ချမ်းမြေ့ဗေဒါလမ်း၊နေပြည်တော်။ |



**ရှေ့တန်း(ဝဲမှယာ)** ဦးမင်းအောင်(ဒုညွှန်ချုပ်)၊ဦးဟန်ဝင်းအောင်(ညွှန်ချုပ်)၊ဦးအောင်ဝင်းဌေး(ဒုညွှန်ချုပ်)၊

နောက်တန်း **(ဝဲမှယာ)** ဦးထွန်းထွန်းဦး(ညွှန်မှူး)၊ ဦးအေးကျော်(ညွှန်မှူး)၊ ဦးလှမြိုင် (အင်ဂျင်နီယာမှူးကြီး)၊ ဦးသော်ဇင်(ညွှန်မှူး)၊ဦးနေဝင်း(ညွှန်မှူး)၊ ဦးကျော်ဝင်း(ညွှန်မှူး)




Gasoline Engine Control and Diagnosis သင်တန်းဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံ




နှစ်ပတ်လည် ဝန်ထမ်းစွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်း မှတ်တမ်းဓာတ်ပုံ



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးထွန်းထွန်းနိုင် |
| (ခ) | ပညာအရည်အချင်း | - | စီးပွားရေးဘွဲ့ (စာရင်းအင်း)၊ ဂုဏ်ထူးဘွဲ့ (စာရင်းအင်း) ကွန်ပျူတာသိပ္ပံဒီပလိုမာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန် ထမ်းဆောင်သည့်နေ့ | - | ၁ - ၅ - ၂၀၀၉ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အိမ်အမှတ် (၃/၃၃၀၂)၊ မန္တလေးလမ်း၊ နေပြည်တော်။ |




**(ဝဲမှယာ)** ဒေါ်မို့မို့နိုင် (ညွှန်မှူး)၊ ဦးသက်တင်လင်း (ညွှန်မှူး)၊ ဦးထွန်းဇော် (ဒုညွှန်ချုပ်)၊ ဦးထွန်းထွန်းနိုင် (ညွှန်ချုပ်)၊ ဒေါ်ငြိမ်းဇင်စိုး (ဒုညွှန်ချုပ်)၊ ဒေါ်စောကလျာစု (ညွှန်မှူး)၊ ဒေါ်သူဇာခင် (ညွှန်မှူး)



မြန်မာနိုင်ငံနှင့်ချက်သမ္မတနိုင်ငံတို့အကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး ကျင်းပခြင်း




(၂၂) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးတွင် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း မှတ်တမ်း



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးဆန်းမြင့် |
| (ခ) | ပညာအရည်အချင်း | - | B.Econ (Statistics)၊ D.S (India)၊ D.M.A |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန် ထမ်းဆောင်သည့်နေ့ | - | ၂၀-၁၁-၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | ၅၃၈(B)၊ ချမ်းမြေ့နန္ဒာလမ်း၊ နေပြည်တော် |




(ဝဲမှယာ) ဦးကျော်ကျော်ရွှေ(ညွှန်မှူး)၊ ဒေါက်တာကျော်ဆန်း(ညွှန်မှူး)၊ ဦးကြည်မြင့် (ညွှန်မှူး)၊ ဦးရဲညွှန့်(ဒုညွှန်ချုပ်)၊ ဦးဆန်းမြင့်(ညွှန်ချုပ်)၊ ဦးချစ်ဆွေ(ညွှန်မှူး)၊ ဦးဇော်လွင်ဦး (ညွှန်မှူး)၊ ဒေါ်စောနန်းနွယ်(ညွှန်မှူး)၊ ဒေါ်စောစန္ဒာဝင်း (ညွှန်မှူး)



**မှတ်တမ်းသိမ်းဆည်းခန်း**



**မှတ်တမ်းများကွင်းဆင်း၍ ရယူရေးဆောင်ရွက်ခြင်း(နေပြည်တော်)**



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးအောင်နိုင်ဦး |
| (ခ) | ပညာအရည်အချင်း | - | ဝိဇ္ဇာဘွဲ့၊ Dip in Trade Policy (WTO) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၅-၅-၂၀၁၂ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | L-103,FMI City၊ ကန်ရိပ်သာလမ်းသွယ် (၆)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |




ရှေ့တန်း (ဝဲမှယာ) ဒေါ်မြစန္ဒာ(ညွှန်မှူး)၊ဒေါက်တာမာလာမျိုးညွန့်(ညွှန်မှူး)၊ဦးသန်းအောင်ကျော်(ဒုညွှန်ချုပ်) ဦးအောင်နိုင်ဦး(ညွှန်ချုပ်)၊ ဦးသန့်စင်လွင်(ဒုညွှန်ချုပ်)၊ ဒေါ်နီလာမူ(ညွှန်မှူး)၊ ဒေါက်တာလွင်သူဇာရွှေ (ညွှန်မှူး)

နောက်တန်း (ဝဲမှယာ) ဦးမျိုးမင်း(ညွှန်မှူး) ၊ ဦးမျိုးခိုင်ဦး(ညွှန်မှူး) ၊ ဦးမင်းဇော်ဦး(ညွှန်မှူး) ၊ဦးလင်းထွဋ်(ညွှန်မှူး) ဦးဇော်လွင်ဦး(ညွှန်မှူး)၊ ဦးကျော်ဝင်းထွန်း(ညွှန်မှူး)၊ ဦးဝင်းတင်(ညွှန်မှူး)၊ ဦးစိုးမြင့်အောင်(ညွှန်မှူး)




Star Reformers Award ချီးမြှင့်သည့်အခမ်းအနား၌ ညွှန်ကြားရေးမှူးချုပ်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင်ပြုပြင်ပြောင်းလဲမှုများကြောင့် သိသာစွာတိုးတက်လာမှု အပေါ် ရှင်းလင်းတင်ပြနေပုံ




မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပခြင်း



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးယဉ်ဇော်မျိုး |
| (ခ) | ပညာအရည်အချင်း | - | B.Sc(Physics)H.G.P၊ D.E.P၊ LCCI (III)၊ D.B.L၊ M.P.A |
| (ဂ) | ရာထူး | - | ဦးဆောင်ညွှန်ကြားရေးမှူး |
| (ဃ) | ဌာန | - | မြန်မာ့စီးပွားရေးဘဏ် |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၄ - ၇ - ၂၀၁၅ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ်(၁၀/၁၂)၊ (၄၉)လမ်း)၊ ဗိုလ်တစ်ထောင်မြို့နယ် |



ရှေ့တန်း **(ဝဲမှယာ)** ဦးဝင်းနိုင်ဦး(ထွေ/ဂျာ)၊ဦးကျော်ကျော်(ထွေ/ဂျာ)၊ဦးယဉ်ဇော်မျိုး (ဦးဆောင်/ညွှန်မှူး)၊ ဒေါ်ဆင့်ဆင့်အောင်(ထွေ/ဂျာ)၊ ဒေါ်တင်တင်ရီ(ထွေ/ဂျာ)

နောက်တန်း **(ဝဲမှယာ)** ဦးခင်မောင်ညွန့်(ဒု/ထွေဂျာ)၊ဦးတင်မိုးသိန်း(ဒု/ထွေဂျာ)၊ဦးစံဝင်းမောင် (ဒု/ထွေဂျာ)၊ဒေါ်ဖြူဖြူဋ္ဌေး(ဒု/ထွေဂျာ)၊ ဒေါ်ဆွေဇင်အောင်(ဒု/ထွေဂျာ)၊ ဒေါ်နန်းထွေးညွန့်(ဒု/ထွေဂျာ)



Japan နိုင်ငံအစိုးရ စီးပွားရေးအဖွဲ့အစည်းများမှ တတိယအကြိမ် စီးပွားရေးဆိုင်ရာ SME ချေးငွေများအကြောင်း ဆွေးနွေးပို့ချခြင်း



မြန်မာ့စီးပွားရေးဘဏ်တွင် Core Banking System ဖြင့် ဆောင်ရွက်နိုင်ရန် အတွက် ကမ္ဘာ့ဘဏ်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း




| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးညီဖြိုးလှ |
| (ခ) | ပညာအရည်အချင်း | - | (B.Com)၊ MA (Defense) |
| (ဂ) | ရာထူး | - | ဦးဆောင်ညွှန်ကြားရေးမှူး |
| (ဃ) | ဌာန | - | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၃၀-၁၀-၂၀၁၉ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | ၄၅(ဃ)၊တက္ကသိုလ်ရိပ်သာလမ်း ၊ဗဟန်းမြို့နယ် |



ရှေ့တန်း **(ဝဲမှယာ)** ဒေါ်ကေသီ(ထွေ/ဂျာ)၊ဦးညီဖြိုးလှ(ဦးဆောင်/ညွှန်မှူး)၊ဒေါ်ခင်ဥမ္မာအေး(ထွေ/ဂျာ)၊ဦးကြည်လွင်(ထွေ/ဂျာ)

နောက်တန်း**(ဝဲမှယာ)** ဒေါ်လွင်မီမီဌွေး(ဒု/ထွေဂျာ)၊ဒေါ်အေးအေးကြွယ်(ဒု/ထွေဂျာ)၊ ဦးကျင်သိန်း(ဒု/ထွေဂျာ)၊ဦးစိန်ဝင်းကြည်(ဒု/ထွေဂျာ)၊ဒေါ်မြင့်မြင့်မော်(ဒု/ထွေဂျာ)၊ဦးအောင်ကိုဦး(ဒု/ထွေဂျာ)




Customer များမှ မေးမြန်းမှုများအား 24/7 ဖြေကြားပေးနိုင်မည့် Customer Complaint Section ထားရှိမှု




ဘဏ်တွင် ATM စက်များထားရှိမှု



(က) အမည် - ဒေါ်ချယ်ရီလွင်
(ခ) ပညာအရည်အချင်း - B.Sc(Chemistry)၊Dip in Live stockBreeding၊ စာရင်းကိုင်ဒီပလိုမာ
(ဂ) ရာထူး - ဦးဆောင်ညွှန်ကြားရေးမှူး
(ဃ) ဌာန - မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်
(င) လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ - ၂၈-၈-၂၀၁၅
(စ) အမြဲတမ်းနေရပ်လိပ်စာ - အမှတ်(၆၃၅)(A)၊ ကမာရွတ်မြို့နယ်၊(၂)၊ ရန်ကုန်မြို့။



(ဝဲမှယာ) ဒေါ်တင်တင်လှိုင် (ဒု/ထွေဂျာ)၊ ဒေါ်ဝင်းဝင်းမော် (ထွေ/ဂျာ)၊
ဒေါ်ချယ်ရီလွင် (ဦးဆောင်/ညွှန်မှူး)၊ ဒေါ်ရှင်မိုး (ဒု/ထွေဂျာ)



နိုင်ငံခြားငွေစာရင်းဌာန၌ စာရင်းသစ်ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားငွေစာရင်းလွှဲပြောင်းခြင်း လုပ်ငန်းများအား ခေတ်မီ အိုင်တီစနစ်သုံး၍ ကောင်တာခွဲများအလိုက် ဝန်ဆောင်မှု ပေးသည့်စနစ်(ElectronicQueuing System) ဖြင့် ဝန်ဆောင်မှုပေးနေပုံ ဆောင်ရွက်နေပုံ



မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ဝန်ဆောင်မှုအသစ်များအား ဘဏ်၏ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးတင်ပြနေပုံ




| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးမင်းသူ |
| (ခ) | ပညာအရည်အချင်း | - | B.Sc Geology (Q) |
| (ဂ) | ရာထူး | - | ဦးဆောင်ညွှန်ကြားရေးမှူး |
| (ဃ) | ဌာန | - | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | - | ၁၁.၁၀.၂၀၁၇ |
| (စ) | အမြဲတမ်း နေရပ်လိပ်စာ | - | အမှတ် (၁၀)၊ ပုလဲလမ်း၊ ဘဏ်ရိပ်သာ၊ ဗဟန်းမြို့နယ်။ |



**(ဝဲမှယာ) ဒေါ်ဥမ္မာကျော်(ဒု/ထွေဂျာ)၊ဒေါ်ခင်နန်းမြင့်(ဒု/ထွေဂျာ)၊ဦးမင်းသူ(ဦးဆောင်/ညွှန်မှူး)၊ ဦးစိန်လှထွန်း (ထွေ/ဂျာ)၊ ဦးခင်မောင်လွင် (ဒု/ထွေဂျာ)**



နေပြည်တော်ကောင်စီနယ်မြေတွင် JICA, Two Step Loan ချေးငွေပေးအပ်ပွဲ၌ ပြသထားသော စက်ကိရိယာများအား ကြည့်ရှုစဉ်




နေပြည်တော်ကောင်စီနယ်မြေတွင် JICA, Two Step Loan ချေးငွေအစီအစဉ်ဖြင့် တောင်သူများ သို့ စက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနား



| | | |
|---|---|---|
| (က) | အမည် | - ဒေါက်တာစန္ဒာဦး |
| (ခ) | ပညာအရည်အချင်း | - Ph.D (Economics), M.B.A, M.Com, B.Com, HGP, RL |
| (ဂ) | ရာထူး | - ဦးဆောင်ညွှန်ကြားရေးမှူး |
| (ဃ) | ဌာန | - မြန်မာ့အာမခံလုပ်ငန်း |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | - ၁၅-၅-၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - ခြံအမှတ်(၁၄)၊ အေးရိပ်မွန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |




**(ဝဲမှယာ)ဦးဝင်းလွင်ဦး(ဒု/ထွေဂျာ)၊ဦးခင်မောင်ဝင်း(ထွေ/ဂျာ)၊ဒေါက်တာစန္ဒာဦး(ဦးဆောင်/ညွှန်မှူး)၊ ဦးညီညီအောင် (ဒု/ထွေဂျာ)၊ ဒေါ်ခင်မိုးကြွယ် (ဒု/ထွေဂျာ)**



မြန်မာ့အာမခံလုပ်ငန်းမှ ငွေလက်ခံကောင်တာများ



အသစ်ပြင်ဆင်ထားသော ပထမထပ်ရှိသူတပါးထိခိုက်မှုအာမခံဌာန



| | | |
|---|---|---|
| (က) | အမည် | - ဒေါ်နွဲ့နွဲ့ဝင်း |
| (ခ) | ပညာအရည်အချင်း | - B.Com၊ DA၊RL၊DCSc, Diploma of Policy Science (Equivalent to Master Degree)-(Japan) |
| (ဂ) | ရာထူး | - ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | -၂၄-၁၂-၂၀၁၅ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - A-၁၄၇/ရပ်ကွက်(၁/ဟိုတယ်ဇုံ အရှေ့ရပ်) ဒက္ခိဏသီရိမြို့နယ်၊နေပြည်တော် |



**ရှေ့တန်း (ဝဲမှယာ) ဒေါ်သီတာထွန်း (ဒု-ညွှန်/ချုပ်)၊ ဒေါ်နွဲ့နွဲ့ဝင်း (ညွှန်/ချုပ်)၊ ဒေါ်ရီရီမြင့် (ဒု-ညွှန်/ချုပ်) နောက်တန်း (ဝဲမှယာ) ဦးအောင်ကောင်းဆက် (ညွှန်/မှူး)၊ ဒေါ်သီဂီဦး (ညွှန်/မှူး)၊ ဒေါ်စန်းစန်းနွယ် (ညွှန်/မှူး)၊ ဒေါ်ခင်ခင်လွင် (ညွှန်/မှူး)၊ ဒေါ်အေးအေးမွန် (ညွှန်/မှူး)၊ ဒေါ်စန်းစန်းဦး (ညွှန်/မှူး)၊ ဒေါ်နော်ဝေးလ်မာဦး (ညွှန်/မှူး)၊ ဦးအောင်မြတ်ကျော် (ညွှန်/မှူး)**




တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင်ဌာနတွင်းစာရင်းစစ်ဆေး တွေ့ရှိချက်အပေါ် ဆွေးနွေးနေပုံ




USOTA Mission ( SEEs Performance Monitoring Manual ) အတွက် CloseOut Meeting ကျင်းပခြင်း



| | | | |
|---|---|---|---|
| (က) | အမည် | - | ဒေါ်စီစီပြုံး |
| (ခ) | ပညာအရည်အချင်း | - | B.Com(Hons), Diploma in Computer Sceince, Master of Public Policy (National Graduate Institute for policy Studies-GRIPS, Japan) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ငွေတိုက်ဦးစီးဌာန |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၀-၁၁-၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ်(၅၇၃)၊ဇာနည်(၁၀)လမ်း၊ရန်ကုန်မြို့ |




**(ဝဲမှယာ) ဒေါ်ဖြူဖြူစိုး (ညွှန်/မှူး)၊ ဒေါ်ရီရီခိုင် (ညွှန်/မှူး)၊ ဒေါ်စီစီပြုံး (ညွှန်/ချုပ်)၊ ဒေါ်နီနီသန်း (ညွှန်/မှူး)၊ ဒေါ်ခင်စိုးဦး (ညွှန်/မှူး)**



**ကမ္ဘာ့ဘဏ်မှ ငွေတိုက်ဦးစီးဌာန၊ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲရှိ ဝန်ထမ်းများအား ပြည်သူ့ကြွေးမြီ ခံနိုင်ရည်ရှိမှု လေ့လာဆန်းစစ်ခြင်းဆိုင်ရာ သင်တန်း (၁၂-၉-၂၀၁၆ မှ ၁၄-၉-၂၀၁၆အထိ)**



**မဲခေါင်မြစ်ဝှမ်းဒေသကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံကိန်းအတွက်အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန်လက်မှတ်ရေထိုးသည့်အခမ်းအနား (၁၁-၄-၂၀၁၇)**



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးမင်းထွဋ် |
| (ခ) | ပညာအရည်အချင်း | - | B.Sc (DSA) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ပြည်တွင်းအခွန်များဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၄-၅-၂၀၁၃ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ်(၃၁၂၈)၊ခတ္တာ(၁၈)လမ်း၊နေပြည်တော် |




ရှေ့တန်း ( ဝဲ မှ ယာ)၊ ဦးကျော်ကျော်(ဒု-ညွှန်ချုပ်)၊ဦးတင်လှိုင်ရွှေ(ဒု-ညွှန်ချုပ်)၊ဦးမင်းထွဋ်(ညွှန်ချုပ်)၊
ဦးဇေယျကြည်ညွှန့်(ဒု-ညွှန်ချုပ်)၊ဒေါ်မြမြဦး(ဒု-ညွှန်ချုပ်)

အလယ်တန်း(ဝဲမှယာ)၊ဦးနေလင်းစိုး(ညွှန်မှူး)၊ဦးထင်အောင်ကျော်(ညွှန်မှူး)၊ဒေါ်သီတာမြင့်(ညွှန်မှူး)
ဦးသန်းဇော်ဝင်း(ညွှန်မှူး)၊ဦးသန်းဝင်း(ဒု-ညွှန်မှူး)၊ ဦးခိုင်လျံကျင့်ထန်(ညွှန်မှူး)

နောက်တန်း(ဝဲမှယာ)ဦးတင်မောင်သန့်(ညွှန်မှူး)၊ဦးစိုးနိုင်(ညွှန်မှူး)၊ဦးဂျွန်စိန်ဂီ(ညွှန်မှူး)၊
ဦးကျော်ဇေယျ(ညွှန်မှူး)၊ဦးထွန်းထွန်းအောင်(ညွှန်မှူး)၊ ဦးတင်ထွေး(ညွှန်မှူး)၊
သူရဦးထင်ကျော်မိုး(ညွှန်မှူး)



၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ဥပဒေပြဋ္ဌာန်းချက်များအား စီးပွားရေး လုပ်ငန်းရှင်များ အသီးသီးသို့ ရှင်းလင်းဆွေးနွေးခြင်း




ကိုကို(စက်မှု) နှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး ဆွေးနွေးစဉ်



| | | |
|---|---|---|
| (က) | အမည် | - ဦးကျော်ထင် |
| (ခ) | ပညာအရည်အချင်း | - B.Sc (DSA)၊ M.A (Defence) |
| (ဂ) | ရာထူး | - ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - အကောက်ခွန်ဦးစီးဌာန |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | - ၂၅-၃-၂၀၁၆ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - အမှတ်(၁၄)၊ပုလဲလမ်း၊ ဘဏ်ရိပ်သာ၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |



ရှေ့တန်း (ဝဲမှယာ) ဦးဝင်းလှိုင်(ညွှန်မှူး)၊ဦးမောင်မောင်ထွေးဆွေ(ညွှန်မှူး)၊ဦးဝင်းနိုင်(ညွှန်မှူး)၊ ဦးကျော်ထင်(ညွှန်ချုပ်)၊ဦးအောင်ဆန်းထွန်း(ဒုညွှန်ချုပ်)၊ဦးကျော်ညွှန့်အောင်(ညွှန်မှူး)၊ ဦးသိန်းဆွေ(ညွှန်မှူး)၊ ဦးနေလင်း(ညွှန်မှူး)

နောက်တန်း (ဝဲမှယာ) ဦးတက်ထွန်းအောင်(ညွှန်မှူး)၊ ဦးဝင်းမြင့်(ညွှန်မှူး)၊ဦးနေလင်းအောင် (ညွှန်မှူး)၊ ဒေါ်စိုးစိုးလွင်(ညွှန်မှူး)၊ဒေါ်အေးအေးဝင်း(ညွှန်မှူး)ဦးလှိုင်မင်းထွန်း(ညွှန်မှူး)၊ ဦးနေစိုး(ညွှန်မှူး)၊ ဦးရဲမြင့်(ညွှန်မှူး)




၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ (၆) ရက်နေ့ တွင် ရန်ကုန်မြို့ Chatrium Hotel, Ballroom ခန်းမတွင် မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) ဖွင့်ပွဲကျင်းပခြင်း



၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ (၁၅) ရက်နေ့ မှ (၁၇) ရက်နေ့အထိ ရန်ကုန်မြို့ ၊ Sule Shangri-La Hotel ၊ အင်းဝခန်းမ၌ ကျင်းပပြုလုပ်သော (၂၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညှိနှိုင်းရေး ကော်မတီ အစည်းအဝေး



| | | |
|---|---|---|
| (က) | အမည် | - ဦးဇော်နိုင် |
| (ခ) | ပညာအရည်အချင်း | - B. Econ (Statistics), Master in Public Policy (Japan),Diploma in Computer Science |
| (ဂ) | ရာထူး | - ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန |
| (င) | လက်ရှိနေရာတွင် တာဝန်ထမ်းဆောင်သည့်နေ့ | - ၂၁-၁၁-၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - အမှတ်-၅၅၂/A ၊ အေးမြသီတာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော် |




(ဝဲမှယာ) ဦးကိုကိုလတ်(ညွှန်မှူး)၊ ဦးဇော်နိုင်(ညွှန်ချုပ်)၊ဦးသန့်ဇင်(ညွှန်မှူး)




၁၈-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပမှုမှတ်တမ်း




FRD နှင့် OIC တို့အကြားနားလည်မှုစာချွန်လွှာ MoUလက်မှတ်ရေးထိုးပွဲ



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးခင်မောင်ဝင်း |
| (ခ) | ပညာအရည်အချင်း | - | B.Sc (Physics) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ပင်စင်ဦးစီးဌာန |
| (င) | လက်ရှိနေရာတွင်တာဝန် ထမ်းဆောင်သည့်နေ့ | - | ၂၈ - ၈ -၂၀၁၅ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ် (၂၄)၊ ဘောဂဝတီရပ်၊ |



ဒေါ်မာလာစိုး(ညွှန်မှူး)၊ ဦးဇော်လင်း(ညွှန်မှူး)၊ ဦးခင်မောင်ဝင်း(ညွှန်မှူး)၊
ဦးကြည်ထွန်း(ညွှန်ချုပ်)၊ဦးကြည်ဇင်ထွန်း(ဒု-ညွှန်ချုပ်)၊ဦးထွန်းထွန်းစန်း(ညွှန်မှူး)




၈.၉.၂၀၁၇ ရက်နေ့ ရုံးအမှတ်(၃၄) တွင် ပင်စင်အထောက်အကူပြု သင်တန်းအမှတ်စဉ် ၂/၂၀၁၇ သင်တန်းဆင်းအမှာစကားပြောကြားခြင်း




၂.၆.၂၀၁၇ ပင်စင်အထောက်အကူပြုသင်တန်းအမှတ်စဉ် ၁/၂၀၁၇ သင်တန်းသား/သူများနှင့် တွေ့ဆုံနှုတ်ဆက်ခြင်း



| | | | |
|---|---|---|---|
| (က) | အမည် | - | ဦးမြင့်ဦး |
| (ခ) | ပညာအရည်အချင်း | - | B.Sc (D.S.A)MA(Defence) |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>အခွန်အယူခံခုံအဖွဲ့ရုံး |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၂၁-၁၁-၂၀၁၇ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | တိုက်(၃၃)၊အခန်း(၁၁)၊ ရွှေအုန်းပင်<br>အိမ်ယာ၊ရန်ကုန်တိုင်းဒေသကြီး |



(ဝဲ မှ ယာ) ဦးငွေဇင်(ညွှန်မှူး)၊ဦးမြင့်ဦး(ညွှန်ချုပ်)၊ဦးအောင်မြင့်လွင်(ဒုညွှန်ချုပ်)၊
ဦးကျော်ဆန်း(ညွှန်မှူး)



အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ အမှုများအားကြားနာစစ်ဆေး ဆောင်ရွက်ခဲ့သည့် မှတ်တမ်း ဓာတ်ပုံများ




အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်တွင်
ဆွေးနွေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



| | | | |
|---|---|---|---|
| (က) | အမည် | - | ဒေါ်တင်တင်အုန်း |
| (ခ) | ပညာအရည်အချင်း | - | B.Econ (Stats)Q.D A |
| (ဂ) | ရာထူး | - | ညွှန်ကြားရေးမှူးချုပ် |
| (ဃ) | ဌာန | - | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး |
| (င) | လက်ရှိနေရာတွင်တာဝန်ထမ်းဆောင်သည့်နေ့ | - | ၁-၂-၂၀၁၆ |
| (စ) | အမြဲတမ်းနေရပ်လိပ်စာ | - | အမှတ်(၁၀၈)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |




**( ဝဲ မှ ယာ )** **ဒေါ်ကြည်ကြည်ခင်ဆွေ (ညွှန်မှူး)၊ ဦးဝင်းကြိုင် (ညွှန်မှူး)၊ ဒေါ်တင်တင်အုန်း(ညွှန်ချုပ်)၊ ဒေါ်နီနီဆွေ(ဒုညွှန်ချုပ်)၊ ဒေါ်အိစိန်စိန်ကြွယ်(ညွှန်မှူး)**




SECM နှင့် IFC တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား
(၁၇-၃-၂၀၁၇)




တောင်ကြီးမြို့ ၊ တော်ဝင်တောင်ကြီးဟိုတယ်တွင် SECM နှင့် YSX တို့ပူးတွဲကျင်းပသည့် အစုရှယ်ယာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ (၁၄-၃-၂၀၁၇)

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၁-၄-၂၀၁၆ မှ ၃၁-၃-၂၀၁၈ ရက်နေ့အထိ

## (၂)နှစ်တာကာလအတွင်း
## တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေများ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၂)နှစ်တာကာလအတွင်း တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေများ